သီတဂူအရှင်ဉာဏိဿရ ထံသို့
ဉာဏိဿရ ဟောင်း ဆန်းထွန်း က
ရေးသားပေးပို့သော




သယမ္ဘူစေတီတော်
သီတဂူရေအလှူတော်အောင်ပွဲအထိမ်းအမှတ်
(၁၃၄၇ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့)

# သီတဂူရေအလှူတော်ဆိုင်ရာ
# အောက်မေ့ဖွယ် ဆောင်းပါးနှင့် ကဗျာများ




"သူတော်ကောင်းတရားနေရာတိုင်းမှာ ထွန်းတောက်ပါစေ"

သီတဂူအရှင်ဉာဏိဿရ ထံသို့

ဉာဏိဿရ ဟောင်း ဆန်းထွန်း က ရေးသားပေးပို့သော

# သီတဂူရေအလှူတော်ဆိုင်ရာ
# ဒေါက်မေ့ဖွယ် ဆောင်းပါးနှင့် ကဗျာများ

သီတဂူအရှင်ဉာဏိဿရ (စစ်ကိုင်းတောင်ရိုး)က

ကောင်းမှုပြု၍

ဆရာကြီး ဦးဆန်းထွန်း၏ နှစ်တစ်ရာပြည့်

(၁၂၇၆ တန်ခူးလပြည့်ကျော် (၈) ရက် - ၁၃၇၆ တန်ခူးလပြည့်ကျော် (၈)ရက်)နေ့ကို

ဂုဏ်ပြုသောအားဖြင့် ဤစာစုကိုထုတ်ဝေပါသည်။


သီတဂူဓမ္မာဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး

မြန်မာနှစ် - ၁၃၇၄ ဗုဒ္ဓနှစ် - ၂၅၅၈ ခရစ်နှစ် - ၂၀၁၅

Sītagū Dhamma Series (222)

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

ပုံနှိပ်နှင့်ဖြန့်ဝေ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ထုတ်ဝေရေးဌာနနှင့် ဖြန့်ချိရေးဌာန၊
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း။
ဖုန်း-၀၇၂-၂၂၀၇၇၊ ၂၀၅၀၇၊ ၂၀၆၀၀၊ ၂၀၆၀၀၊ ၂၂၀၆၅၊ ၂၂၂၆၀(စစ်ကိုင်း)
၀၁-၅၀၀၇၇၇၊ ၅၀၀၉၉၉ (ရန်ကုန်)
၀၂-၇၅၂၇၀ (မန္တလေး)
Website:www.thesitagu.org/Email: thesitagu@gmail.com

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

စီစဉ်၊ ညွှန်ကြား

သီတဂူဆရာတော်

တည်းဖြတ်

ဒေါက်တာဝဏ္ဏာဘာသ (အုပ်ချုပ်ရေးမှူးဆရာတော်)
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)

ဒီဇိုင်း

သီတဂူအောင်သန်းဝင်း

ဓမ္မစာအုပ်အမှတ်စဉ်

၂၂၂

အုပ်ရေ

၁၀၀၀၀ အုပ်

# မာတိကာ

နိဒါန်း

**ကဗျာကဏ္ဍ**


| | | | |
|---|---|---|---|
| ၁။ | ရေဒါန | ဆန်းထွန်း(မန်းတက္ကသိုလ်) | ၁ |
| ၂။ | သီတာဂူ | သီတာဂူအရှင် | ၂ |
| ၃။ | သီတာဂူရေ | သီတာဂူအရှင် | ၄ |
| ၄။ | ရေလှူရက်ချိုး | အရှင်ဉာဏိဿရ | ၆ |
| ၅။ | သီတာဂူမော်ကွန်းသစ် | ဆန်းထွန်း(မန်းတက္ကသိုလ်) | ၇ |
| ၆။ | ချောင်တိုင်းရေလှူဖို့ | ဆန်းထွန်း(မန်းတက္ကသိုလ်) | ၈ |
| ၇။ | မြသပိတ်အိုင် | ဆန်းထွန်း(မန်းတက္ကသိုလ်) | ၉ |
| ၈။ | သီတာဂူဆေးအလှူတော် | ဆန်းထွန်း(မန်းတက္ကသိုလ်) | ၁၀ |
| ၉။ | သီတာဂူအမြိုက်ကန်တော် | အရှင်ကဝိသာရ(ထေဝယန္တာ) | ၁၁ |
| ၁၀။ | ရေဓါသတ္တိ | အနန္တသူရိယဆရာတော် | ၁၂ |
| ၁၁။ | ရေဒါန | ဉာဏ်ထွန်း | ၁၄ |
| ၁၂။ | ရေအေးအေးဆေးစွမ်းစွမ်း | ဉာဏ်ထွန်း | ၁၅ |
| ၁၃။ | ရေညာဆန်ရေဝတီ | ကောမုဒီ(သီတာဂူ) | ၁၆ |
| ၁၄ | မိုးပုံရေဝတီ | သုခ(သုခိ သတ္တာနံ ပရိပာရန္တု) | ၁၇ |
| ၁၅။ | ဆန္ဒ | မောင်ရေချမ်း | ၁၈ |
| ၁၆။ | ပရဟိတ | ဉာဏ်စိုး | ၁၉ |
| ၁၇။ | ဇေယျာမြေ | ဉာဏ်စိုး(သီတာဂူ) | ၂၀ |
| ၁၈။ | သီတာဂူရေအလှူတော်ဘွဲ့တေးထပ် | အုန်နိုင်းစန်းငွေ | ၂၂ |

| | | | |
|---|---|---|---|
| ၁၉။ | ရေစင်တစ်ပေါက်သောကမျောက် | မင်းသုဝဏ် | ၂၃ |
| ၂၀။ | အလှစေတနာ | မင်းယုဝေ | ၂၄ |
| ၂၁။ | ကြည်နူးရှိသေ လှူမိစေ | သုံးပုံတဲ့ချူကျမ်း | ၂၅ |
| ၂၂။ | မေတ္တာရောင် | မောင်စွမ်းရည် | ၂၆ |
| ၂၃။ | ဇေယျာပဗ္ဗတ | နုယဉ် | ၂၇ |
| ၂၄။ | တောင်ရိုးနှင့်ဒီရေ | ရဝေထွန်း | ၂၈ |
| ၂၅။ | လဝန်းရည်တူသီတဂူ | မြေလတ်-သဇင်ဖြိုး | ၃၀ |
| ၂၆။ | ဝေနေယျသုခကန်ခြေမှ | ကိုကိုဌေး(ချမ်းအေး) | ၃၃ |
| ၂၇။ | ဥဒက ဒါယိကာထေရီ | သော်ဇင် | ၃၄ |
| ၂၈။ | တောင်ဇေယျာရောလွှမ်းပြီမို့ | ခင်မျိုးချစ် | ၃၉ |
| ၂၉။ | သီတဂူထုတ်မင်္ဂလာ | ရွှေမန်းသီရိပညာကျော် | ၄၃ |


**ဆောင်းပါးကဏ္ဍ**


| | | | |
|---|---|---|---|
| ၃၀။ | ဇော်မေအာသိစေတနာ | သီတဂူဆရာတော် | ၄၇ |
| ၃၁။ | သီတဂူရေအလှူ | ဆန်းထွန်း(မန်းတက္ကသိုလ်) | ၅၇ |
| ၃၂။ | မိဘနှင့်တူသီတဂူ | မောင်ညက်ရှင်(စစ်ကိုင်းတောင်ရိုး) | ၆၉ |
| ၃၃။ | သီတဂူထုတ်ဩဘာသစာတမ်း | ဆန်းထွန်း(မန်းတက္ကသိုလ်) | ၈၀ |






**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး**





သီတဂူအောင်ပွဲတွင် ဆရာကြီးဦးဆန်းထွန်း သီတဂူအဖွင့်စကားမြွက်ကြား



သီတဂူဆရာတော်နှင့် ဆရာကြီး ဦးဆန်းထွန်း



သီတဂူအဖွဲ့နှင့် ဆရာကြီးဦးဆန်းထွန်း



သယမှုန့်စေတီတော် ဌာပနာသွင်းပူဇော်ပွဲ
ဗောဓိတစ်ထောင်ဆရာတော်နှင့် ဆရာကြီးဆန်းထွန်း





ပဌာန်းသိပ္ပံဆရာတော်၊ ရွှေဟင်္သာဆရာတော်၊
သီတဂူဆရာတော်နှင့် ဆရာကြီးဦးဆန်းထွန်း



သီတဂူဦးသောင်းတင်၊ သီတဂူဦးဟန်နှင့် ဆရာကြီးဦးဆန်းထွန်း



သီတဂူဆရာတော်အရှင်ဉာဏိဿရနှင့် ဆန်းထွန်းဉာဏိဿရ





ဆရာကြီး ဦးဆန်းထွန်းနှင့် သီတဂူအဖွဲ့များ



သဃမ္ဗူစေတီတော် စိန်ဖူးတော်တင်အခမ်းအနား
သီတဂူကျောင်းဒကာ ဦးသောင်းတင်နှင့် ဆရာကြီး ဦးဆန်းထွန်း



ဝိပဿနာဂန္ဓာရုံဆရာတော်၊ သီတဂူဆရာတော်နှင့် ဆရာကြီးဦးဆန်းထွန်း

# နိဒါန်း

ဖွဲ့မနွန်းသာဘူး၊ သဲကုန်းရယ်တဲ့ဆရာတော်။ တောင်စစ်ကိုင်း၊ ချောင်တိုင်းရေလှူဖို့၊ နေပူပူလေပူကြမ်းငဲ့ပြင်၊ဆောင်းချမ်းဖုန်ဒဏ်နဲ့၊စုန်ဆန်သာသနာပြုတယ်၊ မောနိုင်ဘူးနော်။

ထိုသီချင်းကိုကြားဖူးကောင်းကြားဖူးကြမှာပါ၊ လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်က ညာဏ်သြရအဖြစ်လဲ ဆရာကြီးဦးဆန်ထွန်း (မန်းတက္ကသိုလ်)က သီတဂူဆရာတော်ကြီး၏ ရေအလှူတော်စီမံကိန်းတည်ထောင်ခြင်း ငါးနှစ်အလွန်မှာဆရာတော်ကြီးနှင့်ဆရာတော်ကြီး၏ လုပ်ငန်းစဉ်ကို ဂုဏ်ပြုသောအားဖြင့်သီတဂူ မော်ကွန်းတင်ငါးနှစ်ခရီးစာအုပ်မှာ ရေးသားခဲ့သော ကဗျာကိုသီတဂူဂီတဌလီအဖွဲ့က သံစဉ်ထည့်စပ်ဆိုထားခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဆရာကြီးဦးဆန်းထွန်းအား **ကတညုတကတဝေဒီ** မင်္ဂလာတရားတော်အရတင်ခဲ့ဖူးသော ကျေးဇူးကို တစ်ဖန်ဆပ်လိုပုံ ပေါ်ပါသည်။ ဒါ့ကြောင့် ဆရာတော်ကြီးသည်၁၂၇၆ခု၊ တန်ခူးလပြည့်ကျော် (၈)ရက်ဖွားပြီး ၁၃၇၆ - ခု၊ တန်ခူး လပြည့်ကျော် (၈) ရက်နေ့တွင် ကျရောက်မည့်ဆရာကြီး၏ နှစ်တစ်ရာပြည့်မည့်နေ့ကိုစဉ်းစားမိခဲ့ပေလိမ့်မည်။ ဆရာတော်ကြီးသည်သီတဂူမော်ကွန်းတင် ငါးနှစ်ခရီး

စာအုပ်မှ ဆရာကြီးဦးဆန်းထွန်းရေးသားခဲ့သော ဆောင်းပါး၊ ကဗျာများကိုရှာဖွေနိုင်းခဲ့သည်။ ဆရာတော်ကြီးသည်ဆရာကြီးအား အမှတ်တရအောင့်မေ့ဖွယ်အနေနဲ့ လည်းကောင်း၊ ဆရာကြီးအား ကျေးဇူးတုန့်ပြန်လိုသော အားဖြင့်လည်းကောင်းစာအုပ်အဖြစ်ထုတ်ဖို့အမိန့်ရှိပါသည်။

ဆရာကြီး၏ ရာပြည့်ကိုဂုဏ်ပြုသောအနေအားဖြင့် ဆရာကြီးရေးသားခဲ့သောသီတဂူရေအလှူတော်ဆိုင်ရာ ထိုဆောင်းပါးနှင့်ကဗျာများကို ၁၉၈၆ခုနှစ်က ထုတ်ဝေခဲ့သောသီတဂူမော်ကွန်းတင်ငါးနှစ်ခရီးစာအုပ်မှ ထုတ်နုတ်ခဲ့သည်။ ထိုစာစုကဗျာစုတို့ကိုမသိရှိသေးသောပြည်သူများ သိရှိစေရန်နှင့်သိရှိပြီးသူများ ဆရာတော်ကြီး၏ ခက်ခဲစွာလုပ်ဆောင်ခဲ့ရသောထိုစဉ်ကရေရှားပါးသည့်စစ်ကိုင်းတောင်တော်၏ ရေအလှူတော်လုပ်ငန်းတို့ကို မှဒိတာပွားမိစေရန်အတွက် "သီတဂူရေအလှူတော်ဆိုင်ရာအောက်မေ့ဖွယ် ဆောင်ပါးနှင့်ကဗျာများ" ဟု အမည်ပေး၍ သီးခြား စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေရန်စီစဉ်ခဲ့ပါသည်။ "အရှည်မကြာ၊ ဤခန္ဓာကား၊ တစ်ရာအနှစ်၊ ကိုယ်၌ဖြစ်လည်း၊ ပြန်စစ်နိုင်းလျော်၊ ကျေးဇူးသော်မူ၊ ကျူးကျော်ကုန်ခန်း၊ ကမ္ဘာကျွမ်းလည်း၊ ဥဒါန်းမကျေ၊ လူ့ပြည်နတ်ရပ်၊ ပဲ့တင်ထပ်လိမ့်" ဆိုသကဲ့သို့ ဆရာကြီး မရှိတော့သော်လည်း ဆရာကြီး၏ ကျေးဇူးဂုဏ်များကား ယနေ့တိုင် တည်ရှိနေသး၏။ ဒါကိုဆရာတော်ကြီးသည်မြင်သည်။ သို့အတွက်ကြောင့်လည်း ထိုစာအုပ် သည်ကွယ်လွန်သူဆရာကြီး၏ ဂုဏ်ကို ရည်ရော် မှန်းဆတမ်းသောအားဖြင့် ဆရာကြီး၏ ရောက်ရှိတော့မည့်ရာပြည့်နှစ်အားဂုဏ်ပြုကာထုတ်ဝေထားခြင်းဖြစ်ပါသည်။

ထိုစာအုပ်သည် အရွယ်အစားအားဖြင့် သေးငယ်သော်လည်း ဆရာတော်ကြီး၏ သက်တော်(၄၄)နှစ်ကျော် တက်သစ်စ ဓမ္မကထိက ဘဝမှာ စုဆောင်းထားသော ဓမ္မပူဇာမှုရရှိသောနဝကမ္မတို့ဖြင့်လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ဥဒကဒါန (ရေအလှူတော်) စီမံကိန်းတို့ကို ပထမဦးဆုံး စတင်ခဲ့သည့် လုပ်ငန်းဖြစ်တာကြောင့် ထိုစာထိုကဗျာပါ အကြောင်းအရာတို့ကို ခံစားဖတ်ရှုခြင်း အားဖြင့်ဆရာတော်ကြီး၏ လုပ်ငန်းစဉ်တို့ကို တစ်ဖက်တစ်လမ်းမှစာပေဖြင့် ကူညီခဲ့သော ဆရာကြီး ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ စာပေဂုဏ်ကို လေးစားသောအားဖြင့် လည်းကောင်း၊ ဆရာတော်ကြီး၏ ယခုအောင်မြင်နေသော အကျိုးပြု လုပ်ငန်းမှန်သမျှသည် ဆရာတော်ကြီး လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က စတင်ခဲ့သော ဥဒကဒါနစီမံကိန်းမှအစပြုခဲ့သည် ဆိုတာကို စာရှုသူများ ပြန်လည်မြင်ယောင်မိစေရန်နှင့်ဆရာတော်ကြီးအားပိုမိုကြည်ညိုနိုင်စေရန် လည်းကောင်း ရည်ရွယ်၍သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သုတေသနှင့် ကျမ်းပြုဌာနက ဤစာအုပ်ကိုစီစဉ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

ဒေါက်တာပညောဘာသ

ဥက္ကဋ္ဌ

သင်ကြားစီမံအဖွဲ့

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)

# ဓပါကဏ္ဍ












သီတာဂူရေအလှူတော်



















# ရေဒါန

✤ သီတဂူ စန်းလ၊ ပန်းသကမဥ္စူ။
အိုင်သာအနော်တတ်၊ ပြောစမှတ်ရှင်လူ၊
မေတ္တာအမွှ၊ စန္ဒကူအရည်တူ၊
ရေဒါနသာစွသီတဂူ။



✤ အိမ်ကိုမီးလောင်၊
သယ်သောင်နိုင်သမျှ၊
ကိုယ့်ဖို့ရ၏၊
လောင်သမျှမှာကား၊
ပြာဖြစ်သွားခဲ့၊
တရားနှစ်ထွေ၊
သေခြင်း, အိုခြင်း၊
မကင်းနိုင်သော၊
လောကဘောင်ကြီး၊
ပြောင်ပြောင်ညီးသည်၊
လောင်မီး မျိုဝါး၊
အတွေသားနှင့်၊
တရားမယူ၊
အမှားမှုဖြင့်၊
စားလှူနှစ်ချက်၊
မပြုရက်သော်၊
လက်လွှတ်ဆုံးရှုံး၊
ယူကျုံးမရ၊
ဝမ်းနည်းကြလိမ့်၊
မီးမခယခင်၊
တင်တင်ကြိုကြို၊
ကိုယ်ကဦးစေ၊
ရေစင်သီတဂူ၊
အမိလှူမှု၊
ပူမျိုးစုံကင်း၊
အေးကွက်နင်းမည်၊
နေခင်း သာစွနေရဗာန်......။

**ဆန်းထွန်း** (မန်းတက္ကသိုလ်)

# သီတဂူ

- တို့များသီတဂူ၊ ရေအလှူကား၊
ရှင်လူသာမှု၊ နတ်သာမှုနှင့်၊
သာမှုပြဟ္မာ၊ ကောင်းချီးဩာ၍၊
ကမ္ဘာကုန်ကျွန်း၊ စံမော်ကွန်းတည့်၊
ခွန်းဆင့်မြိုင်မြိုင်၊ ဘဝဂ်တိုင်လိမ့်။

- အိုင်သာနောတတ်၊ ခွေခွေပတ်၍၊
ရဟတ်မောင်းနှင်၊ စက်ကောက်ဆင်သို့၊
ကောင်းကင်လျှံတက်၊ တဖန်သက်၍၊
စဉ်ဆက်ဆွေသွန်၊ ဟေမဝန်က၊
ရေပြွန်ဖြာစီး၊ တစ်မီးမီးလျှင်
မြစ်ကြီးငါးသွယ်၊ လျှမ်းလျှမ်းကယ်၍၊
မြစ်ငယ်အများ၊ လက်တက်ပွားသို့၊
တို့များသီတဂူ၊ ရေအလှူကား၊
လူရှင်အားလုံး၊ ချီးသောက်သုံးဖို့၊
ပတ်ကုံးဝန်းလျား၊ တောင်ထိပ်ဖျားထိ၊
ယန္တရားစက်ဆင်၊ ပို့လွှတ်တင်၍၊
စိမ်းရှင်ဝေဆိုင်း၊ တောင်စစ်ကိုင်းဝယ်၊
ချောင်တိုင်းချမ်းသာ၊ လန်းလန်းဖြာခဲ့။

✱ တို့များသီတဂူ၊ ရေအလှူကား၊
ရှင်လူအကျိုး၊ရည်မျှော်ကိုးသည်၊
လှမျိုးထာဝရ၊ မြတ်ပုညမို့၊
ကာလအရှည်၊ ကပ်လုံးတည်စိမ့်၊
ကြံ့စည်အာရုံ၊ နိမိတ်ပုံဖြင့်၊
တလုံလဲလဲ၊ စိတ်ဝယ်စွဲ၍၊
ရစ်ဝဲငွေ့ငွေ့၊ထပ်ပြန်လေ့ဖြင့်၊
အောက်မေ့သောအား၊ ကုသိုလ်ပွားအံ့။

✱ တို့များသီတဂူ၊ ရေအလှူကား၊
လူတွင်အမြတ်၊ နတ်တွင်အမွန်၊
မိုးစွန်ဇာတိ၊ ဖြဟ္မာထိအောင်၊
"ပီတိသဋ္ဌန"၊ ဝမ်းမြောက်ရအံ့၊
ဗကအမော်၊ ဗြဟ္မာကျော်အား၊
ရှေးသရော်ဘဝ၊ တစ်ခါကလျှင်၊
ဒါနလှူမျိုး၊ ရေအကျိုးကြောင့်၊
ဖြိုးဖြိုးလျှံပ၊ သင်းစံရဟု၊
ဗုဒ္ဓမြတ်စွာ၊ ဟောဖူးပါ၏၊
ပူဆာအာသဝ၊ ကိလေသနှင့်၊
ကမ္မဝိပါက်၊ ဝဋ်သုံးချက်မှ၊
လွတ်ထွက်ကုန်စင်၊ မြိုက်ရေဝင်မှ
ပူပင်ငြိမ်းပျောက်မည်တကား။ ။

သီတဂူဆရာ

# သီတဂူဧရာ

နှစ်ပေါင်းများမြောင်၊ တရားရောင်ဖြင့်၊
ငါးထောင်ရှည်ရာ၊ ဤသာသနာ၌၊
သည်ခါကြုံရ၊ ဒုလ္လဘတည့်၊
သဒ္ဓမ္မသီတဂူ၊ ထေရ်တစ်ဆူကား၊
ပြည်သူတို့ဘုန်း၊ မင်း၏ဘုန်းနှင့်၊
ဘုန်းလနယ်ဆန်း၊ ရှင်ရဟန်းတို့၊
ဘုန်းပန်းမဋ္ဌူ၊ ကြိုင်နံ့ရှူ၍၊
လန်းလူတက်ကြွ၊ နဘာဝနှင့်၊
ပုဂ္ဂလဝိသိက်၊ ကမ္မဇိဒ်ဝယ်၊
ဣန္ဒြိယဒ်လေး၊ တွန်းအားပေး၍၊
မနေးလွယ်ကူ၊ ဇေယျပူမှာ၊
ရေလှူတော်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ၊
အုံ့ညြဖွယ်ကြီး၊ အောင်စည်တီးပြီ၊
ချီးကျူးသောစာ၊ ဆုတောင်းစာနှင့်၊
စာကဗျာပြု၊ အစုစုဖြင့်၊
ထုတိညြဘာ၊ ထောမနာလည်း၊
မဟာသိန္ဓု၊ သိနေရုကို၊
မိန္ဒုသက္ကရာ၊ တစ်စက်စာနှင့်၊

ဖက်ကာစံပြု၊ တန္တုပ္ဟီနော၊
ပမာပြောမူ၊ ဗျာဇောပဝဏ္ဏနာ၊
ဖြစ်ကောင်းရာဟု၊ စာနာတွေးလျှက်၊
စာရေးခက်၏၊ ရှေးဆက်ရာဇဝင်၊
မဟာဝင်နှင့်၊ သာသနာဝင်မျိုး၊
စဉ်အရိုးသည်၊ တင်ထိုးမော်ကွန်း၊
ဖော်ညွှန်းမင်စာ၊ ဘယ်တစ်ခါမှ၊
မပါစဖူး၊ ထူးသောကုသိုလ်၊
ပစ္စည်းကြို၍၊ မဂ်ဖိုလ်နိဗ္ဗာန်၊
စိတ်သန်တင့်ရည်း၊ ဖြည့်ကာဆည်း၏၊
ဖြင်ပည်းများစွာ၊ သတ္တဝါတို့၊
သမ္မ ဒါန ပုည၊ ဖို့ဘာဂကို၊
ရကြပါစေ၊ အမျှဝေသည်၊
ရစေ......အမျှ အမျှ အမျှ သောဝ်။

သီတာဂူဆရာ

# ရေလျှုရကျိုး

ကေန ကံ ကဿ နိဗ္ဗာတိ၊
ကေန ဝိန္ဒတိ ကဒ္ဒယံ၊
ကေန ကဿ ပတိဋ္ဌာတိ၊
ကေန ဝိန္ဒတိ ကတ္တယံ။

ကေန- ရေ(အလှူ)ကြောင့်၊ ကဿ- ငရဲ သနင်း ယမမင်း၏၊ ကံ- (ငရဲ)မီးသည်၊ နိဗ္ဗာတိ- ငြိမ်းအေးရ၏၊ ကေန- ရေ(အလှူ)ကြောင့်၊ ကဒ္ဒယံ- ရုပ်ရည်လှျံဝါ အသံသာခြင်းဟု ဆိုအပ်သော အကျိုးနှစ်မျိုးကို၊ ဝိန္ဒတိ- ရနိုင်၏၊ ကေန- ရေ(အလှူ)ကြောင့်၊ ကဿ- မကိုင်ရှုအလား ဦးထိပ်ဖျား၌၊ ပတိဋ္ဌာတိ- တည်နေရပ်တုံ့နိုင်၏၊ ကေန- ရေ(အလှူ) ကြောင့်၊ ကတ္တယံ- ချမ်းသာစည်းစိမ် ဂုဏ်သိန် အာဏာ ဟုဆိုအပ်သော အကျိုးသုံးမျိုးကို၊ ဝိန္ဒတိ- ရနိုင်၏။

အရှင်ဉာဏိဿရ














UNITEX



# သီတဂူမော်ကွန်းသစ်

ဘိသိက်တော်ဖျန်းခလေ့
နန်းရဝေ့တန်ဆာ
စန်းအငွေ့လျှံအဝါငယ်
စံပမာဆိုစို့
အေးရောင်ဓာတ်အရည်တူတယ်
သီတဂူကိန်းဆိုက်ချိန်မို့
အမတဘိသေကာ
ဝိဇေယျာအောင်မြို့
ကိလေသာမလောင်ဘို့ရယ်နဲ့
နောင်မချိုအေးစေ
စေတနာဖြူပါလှ
လှူဒါနနောတတ်အိုင်ရေ
တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်
ဖောင်နှိုင်းလေ မဂ္ဂင်ရှစ်ကယ်နဲ့
တက်ပြင်အသင့်ကူးကြညီတူ
ထူးလှသီတဂူ
မော်ကွန်းသစ်တစ်ကြိမ်ထူမယ်
စိန်ဆူဆူရတုသို့လေး။

ဆန်းထွန်း (မန်းတက္ကသိုလ်)

# ချောင်တိုင်းရေလှူဖို့



ဖွဲ့မနှုန်းသာဘူး
သဲကုန်းရယ်တဲ့ဆရာတော်။

တောင်စစ်ကိုင်း
ချောင်တိုင်း ရေလှူဖို့
နေပူလေပူကြမ်းငဲ့ပြင်
ဆောင်းချမ်းဖုန်ဒဏ်နဲ့
စုန်အဆန်သာသနာပြုတယ်
မောနိုင်ဘူးနော်။

နှောတတ်မှာမာန်ကြွတဲ့
ပန္နဂ အသာချွေသည်
သာမဏော ရေယူသို့
ဇေယျပူသာတံတိုင်း
စစ်ကိုင်းရယ်တဲ့တောင်ပေါ်
ချောင်တော်အနှံ့ရေချမ်း။

သီတဂူ
ထေရ်တစ်ဆူ ပဓာနရယ်နဲ့
သာဝကသာဝိကာတို့
သဒ္ဓါရှိစွာပါဝင်လို့ပေါင်းကြတယ်
သောင်းသိမ့်သိမ့်လှိုမ်း။ ။

ဆန်းထွန်း(မန်းတက္ကသိုလ်)

# မြသပိတ်အိုင်

✱ မြနှင့်ငွေနှစ်ရည်စုအကြင်နလက်ဖြာ
သီတဂူစက်ရတနာငယ်
ထွက်အလာခါသင့်၊
စန်းရောင်ငွေ့ဖွေအေးအေးယူ
ဖွေးဖွေးဖြူကုမုဒ်ကြာပွင့်။
ကျောက်တစ်မျိုး မြစန္ဒရကန်ငယ်
လသက္ကာန်ယူသင့်၊
ဘဝတစ်ဖန်အတူကျင့်သည်သို့
တစ်မူဖွင့်ရေသွန်။
သမုဒ်ရေလွှမ်းကာကြွတယ်လို့
ကျမ်းစာပြထုံးရှိထက်လွန်။
ကျောက်အရိုး ဇေယျာစွန်ကို
ရေဇလာပြွန်တပ်ပြန်ချပါလို့
သဒ္ဓမ္မသီတဂူ ဘုန်းလရိပ်တူ။
အိုင်နောတတ်အမွန်မူသည်
ခုနှစ်ဆူအိုင်ကြီးသို့လေး။ ။

✱ ရေအတိတ်လနိမိတ်ယူသည်
မြသပိတ်အတူအိုင်ကြီးတဲ့လေး။ ။

✱ သဲကုန်းကရေပန်းဖြာသည်
ပြည် (ပြေ) ချမ်းသာဆိုက်ကိန်းပလေး။ ။

ဆန်းထွန်း (မန်းတက္ကသိုလ်)

# သီတဂူဆေးအလှူတော်

ဆွမ်း ဝတ်ရုံ ဆေး ကျောင်း၊
လေးချောင်းသောဒေါက်နယ်၊
ဘေးအပေါင်းကြောက်စဖွယ်ကို၊
ဖျောက်ပယ်နိုင်လေအား။

ဘေသဇ္ဇသြသဓာကို၊
ထောမနာဗုဒ္ဓမြတ်ဖျား။
ရေချမ်းကြောင့်ဘေးကွာ၊
ဆေးမဟာ မှတ်သား၊
အေးရတနာ ဓာတ်တစ်ပါးပေမို့၊
မြတ်ဘုရားလိုအင်။

ပြည့်စေရန်တောင်စစ်ကိုင်းမှာလ၊
ချောင်တိုင်းစေ့ စက်ရေပိုက်ဆင်။

တိုးချဲ့လို့တစ်မူဆင်ပြီ၊
လှူလှူရှင်ကျန်းမာကြောင်းငယ်နှင့်၊
ချမ်းသာကြောင်း ထွေးပိုက်ပေးပုံ၊
ဆေးတိုက်ဆေးရုံ။

ခုတစ်ခေတ်တစ်ခါကြုံသည်၊
အမတာဘုံလက်ငင်းပလေး။ ။

ဆန်းထွန်း (မန်းတက္ကသိုလ်)

















# သီတဂူအမြိုက်ကန်တော်

တောင်ဇေယျာ မဟိင္ဂူမကိုင်၊
သီတဂူ အမြိုက် ကန်တော်၊
ပြည်သူထိုက်လို့ အမှန်ပေါ်ပြီ၊
စံ အကျော် ထိပ်တန်း။

တောင်ပေါ်ဝှမ်း မြစ်ကြီးပမာလို၊
ရစ်စီးကာ လှည့်ငွေလို့သန်း။

ရေ့အနောက် တောင်မြောက်ခွင်မှာ၊
ချောင်လျှောက်စဉ် ပတ်လွှမ်း။

ခေါင်အရောက်ပင် မပြတ်တမ်းသာပ၊
တရစပ်အရမ်း စီးထွေ။

သီတဂူ စက်ကုန်ဖွင့်လျှင်လ၊
ဘဝဂ်ဘုံအဆင့် ရောက်လိမ့်မသွေ။

ထေရ်ရှင်ဘုန်းတို့ ရေစင်သုံးလို့ ပြုံးဖြာဝေသည်။
နှုန်းကြာအရှည် မှန်းဆတော့၊
စန်း လသို့ ကပ္ပဋ္ဌိယူ၊
သတ်မှတ် ရည်တူ။

ရေအမြိုက် ဤအလှူမှာ
သီတဂူ သူမင်းကွယ့်လေး ။ ။

အရှင်ကဝိဆာရ (ဝေဇယန္တာ)

# ရေဓါသတ္တိ

- အသက်မပျောက်တပျောက်မှာ တစ်စက်တစ်ပေါက်သောရေကြောင့် လူမမာ အသက်ဆက်တတ်ပါသည်။

- ရေတစ်ခွက်ဖြင့် ရေစက်သွန်းချ အမျှဝေသောကြောင့် လွန်လေသော မိဘဟောင်းဖဟောင်းဆွေဟောင်းမျိုးဟောင်းတို့ ကောင်းကျိုးသုခ ရကြပါသည်။

- ဒါနပြုသော ရေတစ်ကန်ကြောင့် နေရဇာန်နှင့်အနီးကလေး၊ ခရီးမဝေးသော လမ်းတာမှာ ချမ်းသာချောမော သောတာပတ္တိ သီရိ လာဘ မှိုင်းရသည်နှင့်တူစွာ အပူအဆာကင်းသော လမ်းစပေါ်ပါသည်။

- ဆေးလည်းအစာ၊ အစာလည်းဆေး၊ ဆေးတကာ့ဆေးတွင်၊ အေးသောရေ (သီတောဒက)၊ ချိုသောရေ (သာတောဒက)၊ ကြည်သောရေ (အစ္ဆောဒက)သည်ပင် အစာရေစာ သဘောကို ဆောင်ပါသည်။

- ရေသည် အစာမွတ်ခြင်းကိုလည်းကောင်း၊ ရေသိပ်ခြင်းကိုလည်းကောင်း ဖျောက်နိုင်ပါသည်။

- အစာမွတ်ခြင်း၊ ရေသိပ်ခြင်း ဟူသည်မှာလည်း အနှစ်ခြောက်သောင်းတန်း၊ ဝမ်းရေး မပူရသော ရွှေခေတ်ကြီးမှာပင် ရှိပါသည်။

- မွတ်သိပ်ခြင်းကို အစာရေစာဖြင့် ဖျောက်မှ ပျောက်နိုင်ပါသည်။

- သစ်ပင်ပန်းပင်အစ၊ သတ္တလောကအလယ်၊ ဆယ်တန်သော အားတော်၏အရှင်၊ ထိပ်ခေါင်တင် ဗုဒ္ဓအဆုံး၊ အားလုံးသော သက်ရှိတို့သည် ပကတိ ရေဖြင့်သာ ရှင်သန်လန်းဖြာ ကျန်းမာချမ်းမြေ့ နိုင်ကြပါသည်။

အနန္တသူရိယဆရာတော်



# ရေဒါန

သီတဂူစန်းလ၊ ပန်းသကမဥ္ဇူ၊
အိုင်သာအနောတတ်၊ ပြောစမှတ်ရှင်လူ၊
မေတ္တာအမွှေ၊ စန္ဒကူ့အရည်တူ၊
ရေဒါန၊ သာစွာ့သီတဂူ။ ။

ဉာဏ်ထွန်း



# ရေအေးအေး ဆေးစွမ်းစွမ်း

- ရှင်ဗာကုလ၊ လူ့ဘဝရှစ်ဆယ်၊
ရှစ်ဆယ်ရှင်ဘဝ၊ အထင်ကရ ရာကယ်၊
ခြောက်ဆယ်စွမ်းရောက်၊ ထွန်းတောက်ဘုန်းကြွယ်၊
အနာမဲ့၊ လာခဲ့သံသရာဝယ်။

- ရှင်တော်ဗုဒ္ဓ၊ နှုတ်ဟာမိန့်မှာ၊
ဂိလာနများ၊ သနားစရာ၊
ကောင်းစွာကုသ၊ ယုယကြင်နာ၊
ဆေးဝါးပေး၊ ဖေးမကူညီပါ။

- တောင်စစ်ကိုင်းက၊ ချောင်တိုင်းသံယာ၊
သီလရှင်များ၊ ဝင်စားဘာဝနာ၊
ကိုးဆယ့်ရှစ်ပါး၊ ဖြစ်ပွားရောဂါ၊
ပျောက်ပယ်ကြောင်း၊ ရွယ်ချောင်းစေတနာ။

- ရောဂါဘေးမသန်း၊ ဆေးခန်းဖုံဖုံ၊
သီတဂူဆင့်ပွား၊ တင့်ကြွားလုံခြုံ၊
တိကိစ္ဆာလယ၊ နာမဆေးရုံ၊
ရေအေးအေး၊ ဆေးဝါးခါတ်စာစုံ။ ။

ဉာဏ်ထွန်း

# ရေညာဆန် ဧရာဝတီ

လ    တောင်ခြေရင်း၊
ခွဲဆင်းတဲ့ မြစ်နဒီ၊
မြစ်သဘော၊
စစ်ကြောလျှင် နိမ့်ရာနင်း၊
စီးဆင်းရသည်။
ဘယ်တော့မှ ရေဆန်ဆီ၊
ပြန်သည်လို့ မရှိ။
ဘယ်တော့မှ မြင့်တက်ဆီ၊
တက်သည်လို့မရှိ။
မဖြစ်ဖူးပါဘု၊
မြစ်ထူး ဧရာဝတီမို့၊
ဇေယျာပြည် တောင်စဉ်တန်းဆီမှ
ထေရာစည် ချောင်စဉ်လွှမ်းတာပ၊
ဖြတ်သန်းကာ ဆန်တဲ့သဘောကို၊
အံ့သြပါဘိ။

ဖွေးရှန်းပြည့်ပါဘိ၊
လေးကျွန်းလှည့် သီတဂူသို့၊
ရည်တမူ ထေရ်အရှင်က၊
ပြေတခွင် အားတွေစုပါလို့၊
စေတနာရှင်များ တွေ့ဒုရယ်နှင့်၊
ရေအစင် သွားစေပြုကြတယ်၊
အားရဖွယ်များ ။  ။

လ    ဆန်စေတဲ့ တက်စေ၊
မြစ်အခြေ စက်ရှိလုပ်၊
မောင်းခုတ်ခဲ့ပေ။
ကြည်အေးတဲ့ရေ၊
ဆန်စေခဲ့စွမ်းအား။
ဖြူဖွေးတဲ့ရေ၊
ပြန်စေခဲ့စွမ်းအား။

ကောမုဒီ (သီတဂူ)

# မိုးပျံရောဝတီ

တောင်ပေါ်မှာ ရေစီးလို့၊
မြစ်ကြီး ဧရာဝတီ၊
မိုးပျံ ခဲ့ပြီ ၊
အာဇာနည် စာဂီနင့် အစွမ်း ၊

သဲကုန်း ဆရာတော်က၊
ဖွဲ့နှုန်း ကမ္ဘာကျော်ပ့ါ၊
သဒ္ဒါပေါ်အောင် ပြည်သူနှင့်ဝိုင်းကြတယ်၊
တိုင်းမြိမ့်မြိမ့်မွှမ်း။

သုခ
သုခိ အတ္တာနံ ပရိဟရန္တု



# ဿဒ္ဒ

သန့်စင်ရေ အမှိုပြု၊
သီတဂူ့ရောင်ခြည်။
ညချမ်းခါ
လှပန်းကြာ ဆုံကာတွေ့၊
ငုံဖြာ၍ ပွင့်ပြီ။
ထိုတန္ခန်းသာပ၊
ချိုပြုံးတဲ့ နှလုံးရည်
သွေးကြည်သည့်ရင်ခန်း။
ကြည်အဖြူ
သီတဂူ မေတ္တာ လွှမ်းတော့၊
ဘေးကျမ်းတွေ ဝေးကွာလှမ်းကာပ၊
အေးချမ်းစွာ ညက်ကြာပွင့်လို့ရယ်၊
တင့်ကြ ချင်စမ်း ။    ။

မောင်ရေချမ်း

သီတဂူ

# ပရဟိတ

သူတစ်ထူးကို၊ ကျေးဇူးပြုမှာ၊
လူကြမ်မှာက၊ ဖန်လာသည်ကား၊
ခုနစ်ပါးတည့်၊ နွားမမြစ်ချောင်း၊
သူတော်ကောင်းနှင့်၊ ရိပ်ဆောင်းသစ်ပင်၊
မိုးကောင်းကင်က၊ ဆင်ရာတိမ်ဆင့်၊
လှမ်းမမြင့်တည့်၊ စန်းပွင့်သီတဂူ၊
တစ်ဆူဝေလွှင်၊ နေပြာဘင်သို့၊
လူရှင်အကျိုး၊ သယ်ပိုးသည်မှာ၊
ခေတ်တိုင်းသာတည်း။ ။

ဉာဏ်စိုး (သီတဂူ)

# ဧရာမြေ

❋ စေတီများများ၊ ပုထိုးသွယ်သွယ်၊ ဂူဝယ်စားစား၊ များလျားချောင်ကျောင်း၊ လှိုမြောင်အောင်း သည့်၊ အပေါင်းထေရ်မွန်၊ သီလဝန်သံဃာ၊ သူတော်စွာတို့၊ သိက္ခာကျင့်ဆောင်၊ လိုက်ကျောင်းချောင်နှင့်၊ တန်ဆောင်ဘုံနန်း၊ ဤသိမ်းဝယ်၊ တောင်တန်းစိမ်းမြ၊ တောလည်း လှသည့်၊ သာစွ မြိုင်ချေ၊ ဧရာမြေ။

❋ တောလမ်းစုံတွေ၊ တောင်ရစ်ခွေ၍၊ အေးရေ အလျှု၊ သီတဂူနှင့်၊ ကြည်ဖြူသည့်တောင်း၊ တရားချောင်က၊ လှိုမြောင်မြိုင်နန်း၊ ရှုမခန်း သည်၊ သာဆန်းဘုံဗွေ ဧရာမြေ။

❋ ကျောက်သားထပ်ထပ်၊ ပန်းကလပ်သို့၊ ထွတ် မြတ်သေလာ၊ အောင်မြေချာဝယ်၊ ရောက်လာ အများ၊ ခရီးသွားတို့၊ အင်အားနွမ်းလျ၊ မရွှင်ပျ လည်း၊ ချိုမြကြည်ရေ၊ သောက်မိလေလျှင်၊ ညှိုးခွေနှုန်းနောက်၊ တွေဝေပျောက်သည်၊ ထွန်း တောက်ဖြူရွှေ ဧရာမြေ။

❋ တောင်တန်းသွယ်သွယ်၊ ရောင်ဆန်းခြယ်သည့်၊ တောလယ်ကိုဖြတ်၊ ရေကြည်ပြတ်လျှင်၊ တရပ်

ကဆွေ၊ စိတ်မဝေနှင့်၊ တို့ရေအလှူ၊ သီတဂူက၊ ကြည်ဖြူချိုအေး၊ အသင့်ပေးမည်၊ ချမ်းအေး မြိုင်ချေ ဇေယျာမြေ။

⁕ ဆူဆူထေရ်မွန်၊ ပညာဝန်တို့၊ ဟောညွှန်ချိုမြ၊ မြတ်ဓမ္မဟူ၊ အမြိုက်လှူ၍၊ သင်ယူပို့ချ၊ ရွှတ်အံကြသည့်၊ ဓမ္မအသံ၊ တောင်လုံးညံ့ခဲ့၊ ဝေယံစွင့်စွင့်၊ မိုးသို့မြင့်သည့်၊ ရှင်ပင့်ကိုယ်စား၊ စေတီဖျားမှ၊ တွဲလျားခတ်ညံ၊ ဆည်းလည်းသံလည်း၊ အတုလံဗုဒ္ဓ၊ မိန့်ခြွေဟသည့်၊ ဓမ္မအသံ ဘဝဂ်လျှံသို့၊ မြိုင်ယံတကြော၊ ဖြစ်အံ့ဩသည်၊ သာမောဗွာနေ ဇေယျာမြေ။ ။

ဉာဏ်စိုး (သီတဂူ)

# သီတဂူ ရေ အလှူ တော် ပွဲ တေး ထပ်

သီတဂူ တောင်ပလ္လင့်မှာလ၊
မြောင်အဆင့်ခွေကာ။
ချောင်အဝင့် တစ်နေရာ၊
မြစ်ရောအနီး။
တောင်ထိပ်ရောက် ရေစုပ်တင်၊
လေမှုတ်နှင့် မောင်းတဲ့စက်ကြီး။

သဲကုန်းဟု ပြည်လုံးကျော်သည်၊
ထေရ်ဘုန်းမော် ဖန်တီး။
ရေလှောင်ရန် ရေကန်ကြီးတွေက၊
မြစ်ကြီးရဲ့သဖွယ်။
စစ်ကိုင်းတောင် ရိုးတွေရွှေ၊
တိုးရေရှေ့ မျှော်ပါလောက်တယ်။
နိုင်ငံလုံး ကုသိုလ်ကြွယ်သည်။
ဆုကိုရွယ် ဆိုမတို့ပေမယ့်၊
အလိုလို့ ရကြစီရီ၊
မျှတညီညီ။

ရေလှူကျိုး လှစ်ခြယ်စီလျှင်၊
တစ်ဆယ်လီဂဏန်းနှင့်လေး ။ ။

ဒဂုန်ဦးစန်းငွေ



# ရေစင်တစ်ပေါက်သောကပျောက်

ဝက်ပါတွင်၊
ခြေရာထပ်မျှ၊ လိုက်ရှာရလည်း၊
ချစ်လှ ကဏှာ၊ သားကြီးဇာကို၊
ဘယ်မှာမတွေ့၊ ပူရှိန်ငွေ့ဖြင့်၊
မင်းရေ့ခြေရင်း၊ မြေတလင်း၌၊
သိကင်းမေ့မျော၊ ရွှေငှက်ပျောသို့၊
မယ်တောမဒ္ဒီ လဲသတည်း။

ထိုအခါတွင်၊
မဟာမင်းမြတ်၊ တောဓိသတ်သည်၊
မယ်မဒ္ဒီတွက်၊ သောကဖက်၍၊
လက်တွင်ကိုင်ထား၊ ရေကရားဖြင့်၊
မယ်ဖွားမျက်နှာ၊ သွန်းဖျန်းပါသော်၊
မြန်စွာလျင်ဆော၊ ဖြစ်မိန်းမောမှ၊
မယ်တောမဒ္ဒီ၊ နိုးသတည်း။



ယခုခါတွင်၊
ရောရစ်ပိုင်း၊ တောင်စစ်ကိုင်း၌၊
ချောင်တိုင်းစေ့မျှ၊ ရေကြည်ရ၍၊
ချမ်းမြပျော်ရွှင် ၊ သူတော်စင်တို့၊
ပူပင်မနော၊ မိန်းမမောသည်၊
မယ်တောမဒ္ဒီ ပမာတည်း။

မင်းသုဝဏ်

# သာ မှ စေ တ နာ

စစ်ကိုင်းဆို တောင်တော်ဦးမှာလေ၊
ဖူးမြော်ရ စေတီသာ၊
ထူးတင့်ရောင်ဝါ။
အုံ့စရာ သည်တောင်မှ သည်အထွတ်မှာ၊
ကောင်းမှုရှင် ကြည်ထားပြုံးရွှယ်၊
သာမှခေါ်ရ။
စစ်ကိုင်းတောင် ချောင်လျှိုကြားမှာလေ၊
များပါပေ့ သူတော်စင်
ကိန်းအောင်းအစဉ်။
ကျောင်းဇရပ်လျှင် တွေ့မြင်သူချီးပ။
ကုသိုလ်ရှင် ဆောက်တည်ပြုတယ်၊
သာမှခေါ်ရ။
စစ်ကိုင်းချောင် သူတော်စင်များ၊
တရားမွေ့ တရားဝင်၊
ချမ်းမြေ့စေချင်။
မြတ်ရေစင် စီစဉ်လို့ဆက်သ။
အလှူရှင် ဒါနမှုကို၊
သာမှခေါ်ရ။

စစ်ကိုင်းသို့ရောက်တဲ့ခါ၊
စာဆိုမှာ ရသာထူး၊
ကြည်နူးမိပါ။
သည်ပြည်မှာ
သည်စေတနာအလှ။
ဘယ်ပြည်ထောင်
ဘယ်တိုင်းမှ၊
တုနှိုင်းမရ။ ။

မင်းယုဇေ





# ကြည်နူးရှိသေ လှူမိစေ

တောင်ဖျားသစ်ပင် ကောင်းကင်ရေရှား၊
နေမိပြားလည်း မရှားလွယ်ကာ၊
ပူဆာအိုက်ခြင်း ကင်းသည်အနာ၊
ကိလေသာကြေး ကင်းဝေး စင်ကြယ်၊
စိတ်ဝယ်သန့်ရှင်း ညစ်ကြေးကင်း၍၊
အဆင်းတင့်တယ် ရွှေသဖွယ်သို့၊
ကိုယ်ဝယ်ကောင်းစွာ နံ့သာအလား၊
မိုးကာတောင့်တ ရှာရစင်စစ်၊
ခုနစ်ကျေးရွာ ခံရဖူးသည်၊
ကြည်နူးရှိသေ လှူမိစေ။

သုံးပုံတံချူကျွမ်း

# မေတ္တာရေစင်

၁။ ရန်သူမျိုးပြား၊ ငါးပါးတို့တွင်၊
ရေနှင့်မီးကား၊ နှစ်ပါးပါဝင်၊
မရှိမကောင်း၊ ရှိကောင်းသည်ပင်၊
ရန်သူအား၊ ကိုယ့်အားမင်တော့အင်။

၂။ ရန်ကိုရန်ချင်း၊ တုံ့လျှဉ်းပါလျှင်
မီးကိုရေက၊ နိုင်ရအစဉ်၊
အပူငြိမ်းဖို့၊ ငြိမ်းကြောင်းရေပင်၊
အပူမြိုက်၊ တိုက်ဖို့ရေကိုင်င်။

၃။ လောဘဒေါသ၊ မာနအပူ။
အပူပူချင်း၊ ရှိုင်းပင်းထောက်ကူ၊
ဒေါသကိုမြှင့်၊ မာနနှင့်တူ၊
လောဘထင်း၊ ရှုန်းရင်းဗလောင်ဆူ။

၄။ မေတ္တာသည်ကား၊ အခြားရေစင်၊
မုဒိတာပွား၊ သနားချစ်ကြင်၊
ရေကိုရေထိုး၊ ရေတိုးသည်ပင်၊
ရေသာပွား၊ ရေများရေနိုင်အင်။

၅။ ရေအကျိုးကား၊ ၁၀ ပါးဂုဏ်အင်
ရေကိုလှူကာ၊ ရေရအစဉ်
ရေနှင့်ပျိုးသည့်၊ မျိုးမေတ္တာပင်
ရေဓာတ်လွှမ်း၊ ငြိမ်းချမ်းကမ္ဘာတွင်။



မောင်စွမ်းရည်

# ရေယျာပဗ္ဗတာ

ဆောင်းပျောက်စ နွေမှန်ရီ
စစ်ကိုင်းတောင်ချောင်စခန်းဆီ၌
လျှောက်လှမ်းကာ လာလေသည့်ခိုက်
သံစည်စည် ခမွတေးတွေက
ရင်အေးဖွယ် သာသာညံ့လို့
စေတီယံ ရင်ပြင်ဦးဆီက
ဆယ်လက်စုံဆင်ရှက်ပူးကာပ
ဖူးဆင်မိသည်။

သည်တေးသံသာ - သာလှတဲ့ပြင်
မြင်ရသည် သူတော်စင်တို့
သွင်အပြင် ကြည်စင်ချမ်းပါဘိ
စိတ်ဝမ်းတွေ ပူလောင်ဆာတဲ့
တို့သူငါမရွှင်လန်းသူရဲ့
ပင်ပန်းမှုပြေစေရည်၊
ရေကြည်မြ တပေါက်ဆမ်း။

သည်အတွေးတွေနှင့်
စိုက်ငေးကာ ကြည့်ရှင်လန်းမိရဲ့

သောတာပန် ဆိပ်စခန်းဆီက
ချက်မှန်းမျှော် အခါခါပေါ့
ပဗ္ဗတာ နေရာမြတ်မှာဖြင့်
ချဉ်းကပ်လာ မခွာလိုဘူး
စိတ်မငြို ရိပ်ခိုမိုးချင်ရဲ့
ကြီးဆန္ဒမှန်း။

နယဉ်





# တောင်ရိုး နှင့် ဒီရေ

လစန်းသီတဂူ တည့်တည့်မှန်း၍
စည့်စည့်ရွှန်းရွှန်း ကြည်လျက်ထိန်၊
ပြည့်ပြည့်ဝန်းဝန်း ဤရက်ကြိမ်လျှင်၊
"ဒီ"တက်အချိန် မှန်မပျက်။

သီတဂူဝန်း ကြည်လှုံဖြာသော်၊
ဤအင်္ဂါဝါ ရေဓာတ်လှုံ၍တက်။
ဆွဲငင်ဓာတ်ရှိ သီတဂူပမာလို၊
ဤဇမ္ဗူမှာ ကြုံလာချက်။

အမည်တူစွာ ပုံပမာဆက်က၊
ပုဏ္ဏမာရက် စန်းအသွင်။
"သဒ္ဓမ္မသီတဂူ"တိုင်းတောင်တစ်ဝိုက်၊
စစ်ကိုင်းတောင်၌ ပြည့်ဝန်းခိုက်ခါတွင်။

မြန်မာပြည်မက ကမ္ဘာ့တစ်ခွင်မှာ၊
ဓမ္မသဘင်ခြိမ့်ခြိမ့်ဆွဲတော့၊
သိမ့်သိမ့်သဲသဲ တောင်ရိုးဤဒေသာ၊
ဆောင်တိုး"ဒီ"ရေပမာ၊
စစ်ကိုင်းတောင်လုံး ရေပန်းဖြာပြီ၊
ရွှေပန်းမာလာ ပွင့်ဆဲချိန်မို့လေး။

လန်းရွှင်ဆန်းတင့် ပန်းပွင့်ရည်တူသည်၊
စန်းမင့် သီတဂူ တင့်ကဲထိန်လို့လေး။

ပြည့်ဝန်းပုဏ္ဏမီ ရည်တူအသွင်လို၊
သီတဂူရှင် ကြည်ရွှန်းသာ၍လေး။

ရေစက်တော်ကြီး နှစ်ကုဋေကုဋာဝယ်၊
မြစ်ဇရာပမာ တည်ထွန်းပါစေ့လေး။ ။

ရဝေထွန်း

# လဝန်းရည်တူ သီတာဂူ

ရှစ်ဆိုင်ရွက်ကြာ၊ ဖြန့်မိုးကာသား၊ ဇေယျာရွှေပြည်၊ စစ်ကိုင်းဆီမှ၊ အမည်လွှမ်းရှိန်၊ တာဝတိံနှင့်၊ နှိုင်းချိန်ပြိုင်ဆွယ်၊ ကမ္ဘာ့လယ်တွင်၊ တင့်တယ်ထင်ရှား၊ မြတ်ဘုရားသားတော်၊ "သပိတ်အိုင်" ဆရာတော်ဟု၊ ဘုန်းမော်သနင်း၊ မွေး၍ပြင်းသား၊ တတ်ခြင်းနားဝင်၊ လူမှုကျင်သည်၊ "အရှင်ဉာဏိဿရ"၊ ဘုန်းဘုရား၏၊ သဒ္ဓမ္မသီတဂူ၊ ရေအလှူမှ၊ ကြည်ဖြူဆပ္ပား၊ မေတ္တာထားသည်၊ အများသံဃာ၊ လူဒကာတို့၊ ကြည်သာရွှင်ပျ၊ လွန်အားရ၍၊ များလှသောင်းသောင်း၊ အပေါင်းစကြာဝဠာ၊ ထက်အာကာတွင်၊ ဖြာဖြာရွှန်းလက်၊ နေဝန်းတက်သို့၊ ဝင်းလက်မဥ္စူ၊ ဖြန့်ရိပ်ဖြူနှင့် ဇမ္ဗူဝန်းကျင်၊ မျက်ရှင်စီဝန်း၊ ကြည့်တိုင်းရွှန်းသည်၊ မြဝန်းရစ်သီ၊ ပွင့်ပြိုင်ညီလျက်၊ ရွှေရည်မနှိုင်း၊ မြမြဆိုင်းသည်၊ စစ်ကိုင်းဇေယျာ၊ တောင်သေလာမှာ၊ ခွေကာပတ်လည်၊ ထောင်ရောင်ခြည်ဖြင့်၊ သမ်းနည်မော်လွင့်၊ နေဝန်းတင့်သို့၊ ဘုန်းမြင့်လျှံဖိတ်၊ သုံးကျိပ်နှစ်ပါး၊ သိကြားဒေဝါ၊ နတ်နှင့်သာလျှင်၊ ပမာတူလှိုင်း၊ တုရန္နိုင်းအံ့၊ ပြိုင်ခိုင်းမဲ့ကြူး၊ ပုံမထူးသည်၊ လူ့ပြည်နတ်ရွာ၊ ဗြဟ္မာထက်သူ၊ မြတ်သောဟူသည်၊ သဲဖြူသောင်ထွန်း၊ ရေပေါ်ကျွန်းမှ၊ ပေါ်ထွန်းရတနာ၊ ရှစာဂီရိ မဏိရောင်ထွန်း၊ ဘုန်းဝှမ်းသေလာ၊

"သဲကုန်းဆရာတော်သည်၊ ရာမြတ်သက်တော်၊ ရှည်မြင့်ကျော်၍ -

မိုးပေါ်သီတဂူ၊ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ လိုင်စေသော်။
မိုးပေါ်သီတဂူ၊ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ ကြိုင်စေသော်။
မိုးပေါ်သီတဂူ၊ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ မြိုင်စေသော်။ ။

မြေလတ် - သဇင်မြိုင်

# ဝေနေယျသုခ ကန်ခြေမှာ

ဥမင်ကိုးဆယ်၊ တန်ခိုးထယ်သည့်၊ ဖြိုးကြွယ်မွေသရီ၊ မြတ်စေတီ၏၊ ကိန်းမှီတောင်မြတ်၊ ခါးပန်းရပ်တွင်၊ သတ်မှတ်တည်ထား၊ သူတော်များတွက်၊ ရေများဖြန့်ဝေ၊ ဝေနေယျသုခ၊ နာမ ပြည်ကျော် ရေကန်တော်။

စေတီဘုရား၊ ကျောင်းရာမ်များနှင့်၊ ရှည်လျားတန်ဆောင်း၊ ကန်တင့်ကြောင်းပင်၊ စုပေါင်းရှိနေ၊ ပီတိဝေ၏။ တထွေထူးခြား၊ ကျောက်ထုပ်များဆင့်၊ တင့်ထက်တင့်အောင်၊ အသင့်ပန်းမန်၊ လှမာန်ဝင့်နေ၊ ဘယ်ကန်တွေမှ၊ တုမရသည့်၊ ဝေနေယျသုခ၊ နာမပြည်ကျော် ရေကန်တော်။

တောင်တော်စစ်ကိုင်း၊ မြောက်ပိုင်းတစ်ခွင်၊ ခိုဝင်နေနား၊ သူတော်များ၏၊ ထံပါးအရောက်၊ ရေကြည်သောက်ဖို့၊ တောက်လျှောက်ပို့နေ၊ မချို့စေရ၊ ဝေနေယျသုခ၊ နာမပြည်ကျော် ရေကန်တော်။

ရေကန်ခြေရင်း၊ မြေသလင်း၌၊ သန့်ရှင်းမှုဆောင်ချမ်းအေး ချောင်တည့်။

ဟိုစဉ်ခါက၊ ကြုံခဲ့ရ၏။ မိုးကပြတ်လတ်၊ သောက်ရေတော်ပြီ၊ စိတ်ဓာတ်မြှင့်ဆောင်၊ လုံ့လခေါင်ဖြင့်၊ မြန်အောင်ကန်ရေ၊ သောက်မလေဟု၊ ပိုက်တွေကိုဆက်၊ ရေမတက်ဘူး၊ ဆက်လက်ကြိုးစား၊ ချမ်းသာပွားဖို့၊

စက်အားနှင့်နှင်၊ ရေစင်ဇရော်၊ စက်သာမော်၏၊ ထို့နောက် လက်လျှော့၊ အတော်နိမ့်ကျ၊ ရှင်သီလဝံသ ဏန်၊ သွင်းနှံ့ခပ်ယှူ၊ ဆွင်းရဲထွဋ်၊ ငယ်သွမချို၊ အော်မိ ကြသေး၊ "ချမ်းအေး"နာမည် ရှင်ဦးလော။

ယခုတော့မူ၊ သီတဂူ၏၊ ကပ်လှူရေချမ်း၊ စိတ် ရွှင်လန်းစွာ၊ ရဟန်းသာမဏေ၊ စာအမွေကို၊ တောင်ခြေ တိတ်စ၊ ဝေနေယျ၏၊ သာလှတံတိုင်း၊ ကျောမှီခိုင်းလျက်၊ စုပိုင်းရွှတ်ပြန်၊ "ရုပ်-ခန္ဓာ ညဝါဟောသံ၊ တောလုံး ညံ့သည်၊ အမှန် ချမ်းအေး" နေပြီတကား။

ကိုကိုငွေး (ချမ်းအေး)

# ဥဒက ဒါယိကာထေရီ

- တရံသောအခါ ငါသည်
ဝန္ဓုမတီ အမည်ရှိသောမြို့၌
ရေသည်မ ဖြစ်ခဲ့ရပါသည်၊
ရေခပ်ခြင်းဖြင့် အသက်မွေးကာ
သားသမီးတို့ကို မွေးမြူရပါသည်။

- ကုသိုလ်မျိုးစေ့ တို့စိုက်ပျိုးရာ
အမြတ်ဆုံးလယ်ယာမြေသဖွယ်ဖြစ်သော
သံဃာတော်၌ လှူဖွယ်ဝတ္ထုမရှိပါ၊
ထို့ကြောင့် ငါသည် အရှင်မြတ်တို့၏
ရေချိုးအိမ်သို့ ချဉ်းကပ်၍
ရေကို တည်ထားခဲ့ပါသည်။

- ကောင်းစွာပြုအပ်သော ထိုကံကြောင့်
ငါသည် တာဝတိံသာ နတ်ပြည်သို့
ရောက်ခဲ့ရပါသည်။

- ထိုနတ်ပြည်တွင်
ငါပြုခဲ့သော ကောင်းမှုကုသိုလ်က
ငါနေရန်အတွက် ဗိမာန်ကို
အဆင်သင့်ဖန်တီးထားပါသည်၊

ထိုအခါ နတ်သမီးတစ်ထောင်တို့တွင်
ငါသည်သာအထွတ်အမြတ်ဖြစ်ပါသည်။
ငါသည် အကြောင်းအရာဆယ်ပါးတို့ဖြင့်
ထိုနတ်သမီးအားလုံးတို့ကို
အခါခပ်သိမ်း လွှမ်းမိုးရပါသည်။

ငါသည် နတ်မင်းကြီးငါးကျိပ်တို့၏
မိဖုရားခေါင်ကြီး ဖြစ်ခဲ့ပါသည်။
စကြဝတေးမင်းနှစ်ကျိပ်တို့၏
မိဖုရားခေါင်ကြီး ဖြစ်ခဲ့ပါသည်။

နတ်ဘဝ လူ့ဘဝဟူသော
ဘဝနှစ်မျိုးမှာသာလျှင်
ကျင်လည်ခဲ့ရပါသည်။
မကောင်းမှုပြုသူတို့လားရာ
ဒုဂ္ဂတိဘဝကို မသိစဖူးပါ။
ဤသို့ဖြစ်ရခြင်းသည်
ရေလှူခြင်း၏ အကျိုးဖြစ်ပါသည်။

တောင်ထိပ်ပေါ် သစ်ပင်ဖျား
ကောင်းကင်မြေပြင်တို့၌
ငါ ရေကို အလိုရှိသောအခါ
လျင်မြန်စွာ ရခဲ့ပါသည်။
မိုးမရွာသော အရပ်ဒေသနှင့်
ပူလောင်သော အရပ်ဒေသဟု

ငါ့အား တံရံတံဆိပ်မျှ မရှိပါ။

❁ မိုးသည် ငါ၏အလိုကို သိသကဲ့သို့
ငါအလိုရှိလျှင် ရွာသွန်းပါသည်။
မိုးဖခင်ရေရှူးအရပ်က
အဆွေအမျိုးတို့သည်
ငါ့ကိုခေါ်ဆောင်လေသော်
ငါရောက်သောအခါ မိုးသည်
ငါ၏အလိုအတိုင်း ရွာပါသည်။

❁ ငါ၏ကိုယ်၌ ပူခြင်း အိုက်ခြင်း
အလျှင်းမရှိခဲ့ပါ။ ထိုမှတပါး
မြူမှုန်သည်လည်း ငါ့မှာမရှိပါ။
ဤသို့ဖြစ်ရခြင်းသည်
ရေလှူခြင်း၏ အကျိုးဖြစ်ပါသည်။

❁ ယခုအခါ ငါ၏စိတ်သည်
အထူးစင်ကြယ် သန့်ရှင်းနေပါသည်။
စိတ်ယုတ်မာ လုံးဝမရှိပါ။
အာသဝအားလုံး ကုန်ဆုံးသွားပါပြီ။
ယခုအခါ တဖန်ဘဝသစ်၌
ဖြစ်ခြင်း မရှိတော့ပါ။

❖ ဤဘဒ္ဒကမ္ဘာမှ -
ကိုးဆယ့်တစ်ကမ္ဘာထက်၌
ရေလှူခဲ့သောအခါမှစ၍
မကောင်းမှုပြုသူတို့လားရာ
ဒုဂ္ဂတိဘဝကို မသိစဖူးပါ။
ဤသို့ဖြစ်ရခြင်းသည်
ရေလှူခြင်း၏ အကျိုး ဖြစ်ပါသည်။
❖ ငါသည် ကိလေသာတို့ကို
ရှို့မြိုက်ပစ်လိုက်ပါပြီ။
ဘဝအားလုံးကို
နုတ်ပယ်ပစ်လိုက်ပါပြီ။
❖ ဆင်မသည် အနှောင်အဖွဲ့ကို ဖြတ်၍
လွတ်လပ်စွာ လှည့်လည်သကဲ့သို့
ငါသည် အာသဝမရှိဘဲ
လွတ်လပ်စွာ နေရပါပြီ။
❖ ငါ၏လာခြင်းသည်ကား စင်စစ်
ကောင်းသောလာခြင်း ဖြစ်ပါသည်။
ငါသည် မြတ်စွာဘုရားအထံတော်၌
ဝိဇ္ဇာသုံးပါးတို့ကို ရခဲ့ပါသည်။
မြတ်စွာဘုရား အဆုံးအမကို
လိုက်နာကျင့်သုံးနေပါသည်။

❖ ပဋိသမ္ဘိဒါလေးပါး၊

ဝိမောက္ခရှစ်ပါး၊

အဘိညာဉ်ခြောက်ပါးတို့ကို

မျက်မှောက်ပြု၍ နေပါသည်။

မြတ်စွာဘုရား အဆုံးအမကို

လိုက်နာကျင့်သုံး၍ ပြီးပါပြီ။

❖ ဤသို့လျှင် ဉဒကဒါယိကာ ထေရီသည်

ဤဂါထာတို့ကို မြွက်ဆိုကျူးရင့်လေသည်။

❖ ဆင်းရဲပါလှ၊ ရေသည်မလျှင်

ဖြူဆွကြည်ဖြူ ရေအလှူဖြင့်

နတ်လူဘဝ၊ သာမောရလျက်

သုခဗိမာန်၊ အပါဒါန်၌

မြတ်မွန်အဆင့်၊ စံပယ်တင့်သည်

ကျူးရင့်သာယောင့် သာယာတည်း။

မြူးရှင့်နာသောင့် နာသာတည်း။

သော်ဇင်

# တောင်ဇေယျာရေလွှမ်းပြိုမို့

- ကမ္ဘာ့တန်းဆာ
  ရတနာခေါ်မြတ်ဘုရား
  စံစားကာရောင်ဖွင့်
  တောင်တော်မြင့်ဇေယျာ။
  အများသူတော်စင်တို့
  ဂုတော်ဝင် တရားမွေ့
  ချမ်းမြေ့ပျော်ရာ။
  နွေမပေါက်ခင် ရေခြောက်တဲ့
  ကန်ရေသောက်ဤနေရာ၊
  ကြည်ရေမှာ ရှားပါး။ ။
  သီတဂူ
  ပြည်သူအားရယ်နဲ့၊
  ကြည်ဖြူစွာ ရေလှူဒါန်းတော့
  "စမ်း"တွေအများ။



- သီတဂူ ကြည်ဖြူတဲ့
  ပြည်သူတို့ ဖိတ်ခေါ်ချင်။
  စစ်ကိုင်းမြေ
  စမ်းရေပေါက်
  ဝမ်းမြောက်ဖို့ပင်။

ဤတောင်ခြောက်
စိမ်းလန်းရှင်
ငြိမ်းချမ်းရှင်ပျော်လို့။
ကြည့်လျှမ်းဖြာ
ဤစမ်းမှာ ချိုးသောက်သုံး၊
ပြုံးစို့ ပျော်စို့။ ။

♣ ဒီရေချိုး ဒီရေသောက်
ဝမ်းမြောက်စွာ တောင်တော်မြင့်၊
ခြေစုံဖွင့်တက်ရန်။
မြတ်ဘုရား
သူတော်များစံရာချောင်တို့
နံ့စပ်အောင် ရှေ့ဆောင်ပြ
သွားကြတန်တန်။
လသာနှင့် ပန်းဘဲကန်၊
အမြဲအမှန်လျှံရဲ့။
ဝေနေယျသုခါ
ရေချမ်းစင် ပြွန်မဟာက
ရေဇလာ သွန်းကာလောင်းတော့
"တောင်ကျချောင်း"တဲ့။ ။

♣ စစ်ကိုင်းတောင် ဝေဆာတင့်
သေလာမြင့် ရပ်တည်။

တောင်မျက်နှာ မျှော်ခေါ်ရှု
မယ်နကျောင်းဆီ။
ဟို-တစ်ဆင့် မျှော်ပြန်ပြီ၊
မြင်းစိုင်းပြည် ပင်းယ။
မင်းနှင့်ဆရာ
သာသနာ နှစ်ဖြာပင့်တော့၊
တင့်ခဲ့ အင်းဝ။ ။

- ထိုမှပြန် ဖသန်ဘက်
ရွှေကြက်ယက် နှစ်ဖော်။
သမိုင်းဝင် စံတင်ရ
အမရတဲ့ ပြည်ကျော်။
မြတ်မုနိ ရုပ်ရှင်တော်
ကိန်းပျော်သည့် ရွှေမန်း။
မြို့ရိုးနီတျာနှင့်
တောင်သေလာ "ဝါ" ရှိန်မိုး
ထိုးခဲ့မော်ကွန်း။ ။

- မင်းကွန်းဆို မြောက်ဒေသ
မှိုင်းပျပျမှုန်ရီ။
ဘိုးတော်ဘုရား
တည်ထားစေ သုံးထွေကြီးကိုလ၊
ချီးပအံ့ပြီ။

အနောက်ခွင် မျက်မြင်ရှု၊
ကောင်းမှုတဲ့ ကြီးစေတီ၊
နာမည်က စူဠာမဏိ။
လေးဘက်ဝန်းကျင်
သမိုင်းဝင် စေတီထူး
မြော်ဖူးစေ၏ ။ ။

♠ တောင်မြင့်မှ တောင်ခြေ၊
ဆင်းစေခဲ့ အများ။
တွေ့ရာဝင်
ချောင်စဉ်တိုင်းမှာပဲ
မဆိုင်းပေါင် ဘွားဆရာတွေက
ဟယ့် သီတဂူရဲ့ပြည်သူတွေက
လာပါလေ ရေကြည်သောက်ပါဦး၊
ချိုးဦးမလား ခဏနေ နားစေ
ဘွားတို့လေ ရေတွေပေါ်နေသကွဲ့
မင်းတို့ရဲ့ကုသိုလ် ခုဆိုမပူရ
လှူဒါနသည်ရေ ကြီးပလေဟု
အသိတွေ ကိုယ်စီဝင်၍
ဒါနရှင် ပျော်မဆုံးတယ်
ပြုံးပီတိပွား ။ ။

ခင်မျိုးချစ်

# သီတဂူ ထူတိမင်္ဂလာ

စန်းလသီတဂူ၊ အညီတူသား၊ ရှေးမူဦးစွာ၊ ကပ်ဦးခါက၊ ကမ္ဘာလူသား၊ လူအများတို့၊ လိုလားတောင့်တ၊ မြတ်ဆန္ဒကြောင့်၊ ပုမ္ပရှေးကွန်း၊ ဥဒည်စွန်းမှ၊ လဝန်းစကြာ၊ ပေါ်ထွက်လာသို့၊ သာသနာထွန်းတောက်၊ မြစောင့်ရှောက်ဖို့၊ ကဲမောက်ဇာနည် ပါရမီနှင့်၊ ပြည့်ညီစုံလင်၊ မြတ်ထေရ်ရှင်ကို၊ ဖူးမြင်ဖို့ရာ၊ မျှော်ဆဲခါဝယ်၊ ဇေယျာအောင်ဟိတ်၊ အောင်နိမိတ်ဖြင့်၊ တောင်ထိပ်ထက်ဗွေ၊ ကျက်သရေဖြင့်၊ တက်ဝေတောင့်ရွှန်း၊ လပြည့်ဝန်းသို့၊ ပေါ်ထွန်းထွက်ပြူ၊ သီတဂူကား၊ ပြည်သူအများ၊ လွန်လေးစားသည့်၊ တရားဟောပြ၊ အရှင်



ဉာဏိဿရ (မဟာ) ဓမ္မကထိက အကျော်၊ (သဲကုန်း)ဆရာတော်တည့်၊ ထင်ပေါ်မြန်မာ၊ မကပါဘဲ၊ ကမ္ဘာပြည်ပြည်၊ ကြွလှည့်-လည်၍၊ ပွားစည်သာသနာ၊ ထွန်းစေဌာလျှင်၊ ဒေသနာ

တရား၊ ဟောဖော်ကြားလျက်၊ ထင်ရှားသိလွယ်၊

ဉာဏ်ကြီး ကျယ်ခဲ့၊ သုံးသွယ် ပိဋကတ် ပရိယတ်ပွင့်၊ နံ့စပ်ဘက်စုံ၊ အကျင့်ဂုဏ်လည်း၊ ကုံလုံထင်ပေါ်၊ ကမ္ဘာကျော်ခဲ့၊ အပေါဝတ၊ အံ့ဩကြလျက်၊ သီလခိုင်ပန်း၊ ကြိုင်ကြိုင်လျှမ်း၍၊ ဆင်မြန်းသိက္ခာ၊ တင့်ထူးစွာလျှင်၊ သမာဓိကွန်၊ ကြီးရင့်သန်၍၊ တည်ဟန်နှိုင်းတု၊ တောင်မေရုသို့၊ ကြီးမှုပညာ၊ မယှဉ်သာအောင်၊ ဝဇီရာစိန်၊ ထက်မြတ်ရှိန်ခဲ့၊ ဂုဏ်သိရ်ကဲထူး၊ မြတ်ကျေးဇူးကို၊ ချီးကျူးမကုန်၊ ဂုဏ်ပေါင်းစုံ၍၊ ဘုန်းဂုဏ်သင်းကြူ၊ သီတဂူဟု၊ ဇမ္ဗူအတွင်း၊ အတူကင်းအောင်၊ ထိန်လင်းဝေဖြာ၊ ပြေကမ္ဘာဝယ်၊ တေဇာရောင်လွှမ်း ပြောင်ခဲ့ပြီတကား.....။

ချမ်းမြသီတဂူ၊ ဓမ္မဟူကား၊ တွင်းပူနှိပ်စက်၊ သုံးတောင်ဝက်ကို၊ ချိုးဖျက်နိုင်ပေ၊ အေးမြစေ၏၊ ကိလေသာဓာတ်၊ ကုန်ခန်းပြတ်၍၊ အမြတ်နိဗ္ဗာန်၊ ရောက်စေရန်လျှင်၊ ရည်သန်တော်မူ၊ သီတဂူဟု၊ ဇမ္ဗူကျော်ကြား (သဲကုန်း) ဆရာတော်ဘုရားသည်၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးယုံမျှ၊ အားမရဘဲ၊ ကမ္ဘာ့တိုင်းဘောင်၊ သမိုင်းပြောင်သည့်၊ စစ်ကိုင်းတောင်တွင်၊ များလူရှင်တို့၊ ပူပင်ကင်းကွာ၊ ရေချမ်းသာအောင်၊ မဟာနောတတ်၊ အိုင်တော်မြတ်မှ၊ အေးဓာတ်ရေစင်၊ တန်ခိုးယှဉ်၍၊ ယူငင်သည့်လား၊ တောင်ထိပ်ဖျားထိ၊

ယန္တရားစက်ဆင်၊ ပို့လွှတ်တင်၍၊ လူရှင်အားလုံး၊ ချိုး သောက်သုံးဖို့၊ မြတ်ဆုံမိမိုင်း၊ တောင်စစ်ကိုင်းဝယ်၊ ချောင်တိုင်းဖြန့်ဝေ၊ ချမ်းသာစေခဲ့၊ ရောဝတီ၊ မြစ်နဒီမှ၊ အညီချောင်စဉ်၊ တောင်ထိပ်ပြင်ဝယ်၊ သွင်သွင်စီးလတ်၊ ရေအေးဓာတ်ကြောင့်၊ တောင်မြတ်သစ်ပင်၊ မြရောင် လွင်လျက်၊ အောင်မြင်အတိတ်၊ အောင်ဘိသိက်လျှင်၊ တောင်ထိပ်ကြာပေါက်၊ အံ့ဩလောက်အောင်၊ ဘုန်း တောက်သီတဂူ၊ မော်ကွန်းထူခဲ့၊ ရှင်လူအများ၊ ရေ မရှားဘဲ၊ တရားကျင့်သုံး၊ သူတော်ထုံးဖြင့်၊ မြတ်ဆုံး နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည့်၊ နစ်တန်ရှုရ၊ ကျင့်ကြံ ကြလျက်၊ အေးမြကြည်သာ၊ စိတ်ချမ်းသာခဲ့၊ ကမ္ဘာ- တစ်ခွင်၊ သာသနာဝင်၌၊ စာတင်ဖော်ညွှန်း၊ ပေါ်ပေါက် ထွန်းအောင်၊ မော်ကွန်းသစ်ထူး၊ သီတဂူကား၊ ဇမ္ဗူ တစ်လွှား၊ အတူရှားလျက်၊ ကျော်ကြားသတင်း၊ ကမ္ဘာ ချင်းအောင်၊ ပျံ့သင်းတေဇာ၊ ဂုဏ်ဝေဖြာသည်၊ ဇေယျာတောင်တန်းအောင်ခဲ့ပြီတကား။

နန်းမသီတဂူ၊ နိဗ္ဗာန်ယူဖို့၊ ပြည်သူအများ၊ သဒ္ဓါပွား၍၊ လှူထားစင်ကြယ်၊ သိန်းငါးဆယ်တည့်၊ ရည်ရွယ်စိတ်သန်၊ ပြည်နိဗ္ဗာန်ကို၊ မိဌာန်ကောင်းမှု၊ ဆုတောင်းပြု၍၊ ပေါင်းစုညီညာ၊ ပြည်မြန်မာဝယ်၊ ဇေယျာတောင်တန်း၊ ချောင်စခန်း၌၊ အောင်ပန်းဆင်ယူ၊

သီတဂူဟု၊ ရေလှူအသင်းကြီး၊ တည်ထောင်ပြီးလျှင်၊ အုံ့ချီးဖွယ်ရာ၊ ဤချိန်ခါဝယ်၊ ပြဟ္မာသိကြား၊ နတ်-အများတို့၊ လုပ်အားကူမ၊ ဖန်ဆင်းကြသို့၊ ခဏပြီးမြောက်၊ တံခွန်ဆောက်ခဲ့၊ ထွန်းတောက်ပြောင်ဝင်း၊ အမှောင်ခွင်းသည့်၊ လမင်းအေးကြူ၊ သီတဂူ၏၊ ဆွဲယူအင်အား၊ ပင်လယ်များမှ၊ ထူးခြားဒီရေ၊ တက်ရလေ၏၊ ထိပ်ဖွေတောင်ဖျား၊ ငွေဖျိုင်းနားလည်း၊ ရေများလိုချင်၊ စိတ်စွမ်းအင်ကြောင့်၊ ထက်ခွင်သိကြား၊ မနေအားဘဲ၊ ထိပ်ဖျားတောင်စဉ်၊ မြစ်ရေတင်သို့၊ ထေရ်ရှင်တစ်ဆူ၊ သီတဂူ၏၊ ကြီးမှူးမေတ္တာ၊ စေတနာကြောင့်၊ ဧရာဝတီ၊ မြစ်နဒီမှ၊ တောင်ဆီရေရောက်၊ ကြာပင်ပေါက်ခဲ့၊ တည်ဆောက်ပြီးကာ၊ ရှည်မြင့်ကြာ၍၊ သာသနာဘုန်းရှိန်၊ ဆုံးမတိမ်ဘဲ၊ ငုံးအိမ်ကျူလှ၊ ပမာပြ၍၊ ထာဝရ သစ်ညီ၊ ကပ္ပဋ္ဌိလျှင်၊ တောင်ဆီမှင်ဆေး၊ သိကြားရေး သည့်၊ မြသွေးပုံနှိပ်၊ ယုန်တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်ပဝင်း၊ ကမ္ဘာတွင်းဝယ်၊ လမင်းအတူ၊ သီတဂူဟု၊ ရေလှူအသင်း၊ ကမ္ဘာချင်းလျက်၊ ရှစ်စင်းမဂ္ဂင်၊ ဖောင်စက်ယာဉ်ဖြင့်၊ ထက်ခွင်နိဗ္ဗူ၊ သီတဂူသို့၊ သယ်ယူပို့ကာ၊ ထေရ်မဟာသည်၊ ခေမာသောင်ကမ်း ဆောင်ခဲ့ပြီတကား။

ရွှေမန်းသိရိပညာကျော်






















သီတဂူရေအလှူတော်






သီတဂူ





ဧဝံမေ အာသိစေတနာ



# ဆောင်းပါး ကဏ္ဍ



[illegible]

သီတဂူရေအလှူ



မိဘနှင့်တူသီတဂူ



# ဧဝံမေ အာသိစေတနာ



ကိံ မေ အညာတဝေသေန၊

ဓမ္မံ သစ္ဆိကတေ နိဓ။

သဗ္ဗညုတံ ပါပုဏိတွာ၊

ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။ ။

ဣဓ၊ ဤသို့သော မတွင်မကျယ် ဂျင်ဂလယ် ဖြစ်သော နေရာမျိုး၌။ အညာတဝေဿေန၊ အပွင့်မစုံ အငုံမထွား မှုန်ဝါးဝါး အသွင်ဖြင့်။ ဓမ္မံ၊ တရားထူးကို။ သစ္ဆိကတေန၊ မျက်မှောက်ပြုရတော့ကော။ မေ၊ ငါ့အား။ ကိံ၊

ဘာအကျိုးရှိအံ့နည်း။ သဗ္ဗညုတံ ပါပုဏိတွာ၊ သဗ္ဗညုတဉာဏ်တော်ကြီးကိုရ၍။ သဒေဝကေ၊ လူလည်းရုံကာ ဗြဟ္မာရံပတ် နတ်နှင့်တကွသော လောကကြီးထဲ၌။ ဗုဒ္ဓေါ ဟောသံ၊ ဘုရားစင်စစ် ဖြစ်မှုတော်မ ည်။ (“ဣဒံ မေ ပတိရူပံ” ဟူသော အတ္တာတိ သယကို ဗုဒ္ဓဝင် အဋ္ဌကထာအားကိုးနှင့် ဆိုသည်။)

ဗုဒ္ဓေါ သောဘဂဝါ သမ္ဗောဓာယ

ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ထိုသည့် ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ ဗုဒ္ဓေါ၊ ကိုယ်တော်သိပြီးသည်။ ဟုတ္တွာ၊ ဖြစ်၍။ သမ္ဗောဓာယ၊ နတ်လူ ဗြဟ္မာ သတ္တဝါအများသူတပါးသိစိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

ဒန္တော သောဘဂဝါ ဒမထာယ

ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ထိုသည့် ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ ဒန္တော၊ ကိုယ်တော် ယဉ်ကျေးပြီးသည်။ ဟုတ္တွာ၊ ဖြစ်၍။ ဒမထာယ၊ နတ်လူ ဗြဟ္မာ သတ္တဝါအများသူတပါးယဉ်ကျေးစိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

သန္တော သောဘဂဝါ သမထာယ

ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ထိုသည့် ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ သန္တော၊ ကိုယ်တော်ငြိမ်းအေး ပြီးသည်။ ဟုတ္တာ၊ ဖြစ်၍။ သမထာယ၊ နတ် လူ ဖြဟ္မာ သတ္တဝါအများ သူတပါး ငြိမ်းအေးစိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

တိဏ္ဏော သောဘဂဝါ တိရဏာယ

ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ထိုသည့်ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ တိဏ္ဏော၊ ကိုယ်တော်ကူးမြောက်တော်မူပြီးသည်။ ဟုတွာ၊ ဖြစ်၍။ တိရဏာယ၊ နတ်လူဗြဟ္မာသတ္တဝါအများ သူတပါးကူးမြောက်စိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

ပရိနိဗ္ဗုတော သောဘဂဝါ

ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ထိုသည့်ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ ပရိနိဗ္ဗုတော၊ ကိုယ်တော့် ကိလေသာမီးအပြီးတိုင် ငြိမ်းချုပ်သည်။ ဟုတွာ၊ ဖြစ်၍ ပရိနိဗ္ဗာနာယ၊ နတ်လူဗြဟ္မာ သတ္တဝါအများ သူတပါးတို့ ကိလေသာမီးအပြီးတိုင် ငြိမ်းချုပ်စိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ် ကို။ ဒေသေတိ။ ဟောတော်မူပါ၏။

(ပါထေယျ၊ ဥဒုမ္ဗရိကသုတ်)

"အဟိဋ္ဌိ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ အလင်္ကတ ပဋိယတ္တံ အတ္တနော သီသံ ဆိန္ဒိတွာ အက္ခီနိ ဥပ္ပါဋေတွာ ဟဒယမံသံ ဥပ္ပါဋေတွာ ပါဏသမံ ပုတ္တဒါရံ ပရိစ္စဇိတွာ ပါရမီယော ပူရေန္တော ပရေသံ ဓမ္မဒေသနတ္ထမေဝ ပူရေမိ"

(ဓမ္မပဒ အဋ္ဌကထာ၊ စက္ခုပါလတ္ထေရဝတ္ထု)

ဟိ၊ အားမနာသင့် အားနာသင့် ချင့်ချိန်ဖို့အရေး တွေးတောသိမြင်ရမည့် အကြောင်းသော်ကား။ အဟံ၊ ငါဘုရားသည်။ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ အလင်္ကတ ပဋိယတ္တံ၊ ဆင်ပြင် ဖွဲ့ထား အပ်သော။ အတ္တနော သီသံ၊ မိမိဦးခေါင်းကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ အက္ခီနိ၊ မျက်လုံးတို့ကို။ ဥပ္ပါဋေတွာ၊ ထုတ်၍။ ဟဒယမံသံ၊ နှလုံးသား ကို။ ဥပ္ပါဋေတွာ၊ ထုတ်၍။ ပါဏသမံ၊ အသက်နှင့်ထပ်တူ ဖြစ်သော။ ပုတ္တဒါရံ၊ သားမယားကို။ ပရိစ္စဇိတွာ၊ စွန့်၍။ ပါရမီယော၊ ပါရမီတော်တို့ကို။ ပူရေန္တော၊ ဖြည့်သည် ကား။ ပရေသံ၊ နတ် လူ ဗြဟ္မာ သတ္တဝါအများ သူတပါးတို့အား။ ဓမ္မဒေသနတ္ထမေဝ၊ တရားဟောရန် အလို့ငှာသာလျှင်။ ပူရေမိ၊ ဖြည့်ပေ၏။

"တတြ ဘိက္ခဝေ ယွာယံ ပုဂ္ဂလော အတ္တဟိတာယစေဝ ပဋိပန္နော ပရဟိတာယ စ၊ အယံ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဂ္ဂေါ စ သေဋ္ဌော စ ပါမောက္ခောစ ဥတ္တမောစ ပဝရော စ"

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တတြ တေသု စတူသု ပုဂ္ဂလေသု၊ ထိုပုဂ္ဂိုလ်လေးမျိုးတွင်။ ယွာယံ ပုဂ္ဂလော-ယော အယံ ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္တဟိတာယစေဝ ပဋိ-ပန္နော၊ မိမိအကျိုးငှာလည်း ကျင့်၏။ ပရဟိတာ-ယစ ပဋိပန္နော၊ သူတပါး အကျိုးငှာလည်း ကျင့်၏။ အယံ၊ ဤစတုတ္ထပုဂ္ဂိုလ်မျိုးသည်။ စတုန္နံ-ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်လေးမျိုးတို့တွင်။ အဂ္ဂေါစ၊ အလွန်ဆုံးလည်းဖြစ်၏။ သေဋ္ဌော စ၊ အထူးဆုံးလည်းဖြစ်၏။ ပါမောက္ခော စ၊ အကြီးဆုံးလည်း ဖြစ်၏။ ဥတ္တမောစ၊ အမြင့်ဆုံးလည်း ဖြစ်၏။ ပဝရောစ၊ အမြတ်ဆုံး လည်းဖြစ်၏။ (အံ၊ စတုက္က၊ ဒုတိယပိ၊ အသုရ ဝဂ်၊ ၅-ဆဝဝါ လာတသုတ်)

ရဝိ စန္ဒော ယနာ ရုက္ခာ၊
နဒီ ဂါဝေါစ သဇ္ဇနာ။
ဧတေ ပရောပကာရာယ၊
ယုဂေ ဘဂ္ဂေန နိမ္မိတာ။

ရဝိ၊ နေ။ စန္ဒော၊ လ။ ယနာ၊ မိုးတိမ်များ။ ရုက္ခာ၊ သစ်ပင်များ။ နဒီ၊ မြစ်များ။ ဂါဝေါစ၊ နို့ကိုပေးသော မိခင်နွားမများ။ သဇ္ဇနာ၊ သူတော်ကောင်းများ။ ဧတေ၊ နေ လ

မိုးတိမ် ရိပ်ငြိမ်သစ်ကောင်း မြစ်ချောင်းနို့စား နွားမများနှင့် တရားမွှေ့လျော် သူတော်သူမြတ်တို့ကို၊ ယုဂေ၊ ခေတ်တိုင်း ခေတ်တိုင်း။ ပရော ပကာရာယ၊ သူတပါးအား ကျေးဇူးပြုရန်၊ ဘဂ္ဂေန၊ သတ္တဝါတို့၏ ကံကြမ္မာက၊ နိမ္မိတာ၊ ဖန်ဆင်းထား အပ်ကုန်၏။

(သုဘာသိတရတနာတရ)

ပရတ္ထသမ္ပာဒနတော၊

ပုညေနာဓိ ဂတေန ဟံ၊

ပရတ္ထသမ္ပာဒနတော၊

ဘဝေယျ ဇာတိ ဇာတိယံ၊

**ဆန္ဒနိုဝိုး**

အဟံ၊ သံဃရက္ခိတ မည်သောငါသည်၊ ပရတ္ထ သမ္ပာဒနတော၊ သူတပါးတို့၏ အကျိုးစီးပွားကို ပြီးစီးစေခြင်း တည်းဟူသော အကြောင်းအားဖြင့်၊ အဓိဂတေန၊ ရအပ် သော၊ ပုညေန၊ ကျမ်းဂန်ပြုစု ကောင်းမှု ကုသိုလ်ကြောင့်၊ ဇာတိ ဇာတိယံ၊ ဖြစ်လေရာရာ သံသရာဘဝ၌၊ ပရတ္ထ သမ္ပာဒနတော၊ သူတပါးတို့၏ အကျိုးစီးပွားကို ပြီးစီးစေ နိုင်သည်၊ ဘဝေယျံ၊ ဖြစ်ရပါလို၏။

"စရထ ဘိက္ခဝေ စာရိကံ၊

ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ၊

လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ

သုခါယ ဒေဝမနုဿာနံ"၊

ဟူသော ဗုဒ္ဓအမိန့်တော်ကြီးသည် ငါ၏နားဝယ် ဘယ်သောအခါမှမပျောက် ဝင်ရောက်လျှံဆော်၍ နေပေ၏။

"မာ စေတေန ဒွေ ဂမိတ္ထ၊

ဒေသေထ ဘိက္ခဝေ ဓမ္မံ၊

အာဒိကလျာဏံ မဇ္ဈေကလျာဏံ၊

ပရိယောသာန ကလျာဏံ သာတ္ထံ၊

သဗျဥ္ဇနံ ကေဝလပရိပုဏ္ဏံ၊

ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ"

ဟူသော ဗုဒ္ဓအမိန့်တော်ကြီးသည် ငါ၏နားဝယ် ဘယ်သောအခါမှမပျောက် ဝင်ရောက်လျှံဆော်၍ နေပေ၏။

ကမ္ဘာသူ ကမ္ဘာသား အများသော သတ္တဝါတို့၏ အခြေအနေကို ရှုစမ်းပါဘိလော့။ ဗုဒ္ဓမြတ်စွာကရှင်အာနန္ဒာအား ဤသို့ မိန့်တော် မူပါ၏။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဣမေဟိ သတ္တေဟိ၊ ဤသတ္တဝါတို့သည်။ အနေကေသုပိ ကပ္ပကောဋိ သတသဟ ဿေသု၊ ကမ္ဘာကမ္ဘေ အကုဋေကိန်း အသိန်း အသန်းများစွာ သံသရာ ကာလ ဘဝါဘဝတို့၌။ ဗုဒ္ဓေါတိပဒံ ဝါ၊ "ဗုဒ္ဓ" ဟူသော ပုဒ်ကိုလည်းကောင်း၊ ဓမ္မောတိပဒံ ဝါ၊ "ဓမ္မ" ဟူသော ပုဒ်ကိုလည်းကောင်း။ သံဃော တိပဒံ ဝါ၊ "သံဃ" ဟူသော ပုဒ်ကိုလည်းကောင်း။ အဿုတပုဗ္ဗံ၊ မကြားခဲ့ရဖူးပေ။ တသ္မာ၊ ထို့ကြောင့် ဣမံ ဓမ္မံ၊ ဤတရားမျိုးကို။ သောတုံ၊ နာခြင်းငှာ။

နသကွောန္တိ၊ မစွမ်းနိုင်ကြရှာ။ အနမတဂ္ဂေသံသာရေ၊ အစ မထင် သံသရာ၌။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ အနေကပဗ်ဟိတံ၊ အမျိုးမျိုးသော။ တိရစ္ဆာန ကထံ ယေဝ၊ မဂ်ဖိုလ်ဖီလာ အညီ ပါသော စကားမျိုးကိုသာလျှင်။ သုနန္တာ၊ နားထောင်ကုန်၍။ အာဂတာ၊ လာရိုးလာစဉ် လာခဲ့ကြကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဂါယန္တာ နစ္စန္တာ၊ သီဆို ကခုန်ကြ၍။ သုရာပါန ကေဠိ မဏ္ဍလာဒီနိ၊ အရက်ဝိုင်း ကစားဝိုင်း ပျော်ပွဲရွှင်ပွဲများဆီသို့။ ဝိစရန္တိ၊ ချီတက်ရွှေ့လျား သွားလာလှုပ်ရှားနေကြကုန်၏။ ဓမ္မံ၊ တရားတော်မြတ်ကိုတော့။ သောတုံန သက္ကောန္တိ၊ မနာနိုင်ကြရှာပေ။

(ဓမ္မပဒ အဋ္ဌကထာ။ မလဝဂ္ဂ။ ၉-ပဥ္စဉပါသကဝတ္ထု)

"I am a simple bhikkhu aspiring to supreme buddhahood. I wish to practise all the 10 paramis! let me practise the dana-parami to perfection.

I have nothing, only this miserable body, let me donate this body of mine to the cause of buddhist missionary work, let me help to spread buddhism over the whole globe."

"ငါသည် ဘုရားဆုပန် သာမန်ရဟန်းသာ ဖြစ်ပါ၏။

ဆယ်ပါးသော ပါရမီဖြည့်ရန် ငါ အလိုရှိ၏။ ငါသည် ဒါနပါရမီကို အပြီးတိုင် ဖြည့်လို၏။ ငါ့မှာ ဒုက္ခပေါင်းစုံဖြစ်သော ဤခန္ဓာကိုယ်အပြင် ဘာတစ်ခုမျှ မရှိသဖြင့် သာသနာပြုရေးတွင် လေးလေးနက်နက် ငါ ဆောင်ရွက်အံ့။ ငါ၏ ခန္ဓာကိုယ်ကြီးကို သာသနာပြုလုပ်ငန်းတွင် အသုံးချတော့မည်။ တစ်ကမ္ဘာလုံးတွင် ဗုဒ္ဓသာသနာပြန့်ပွားစေရန် ငါဝိုင်းဝန်းကူညီနိုင်ပါရစေ...''

အနောက်နိုင်ငံသည် သိပ္ပံပညာ ထွန်းကား၏။ အရှေ့နိုင်ငံသည် ဘာသာသာသနာတွင် ထွန်းကား၏။ အရှေ့နိုင်ငံသည် အနန္တ စကြဝဠာ၏ ''ဓမ္မမာတာ'' တရားမယ်တော်ကြီးဖြစ်ပေသည်။ အနောက်နိုင်ငံသည် ၎င်း၏ သိပ္ပံပညာကို အရှေ့နိုင်ငံသို့ ပို့ဆောင်လေပြီ။ အရှေ့နိုင်ငံကလည်း ၎င်း၏မှန်ကန်သော ဗုဒ္ဓဘာသာကြီးကို အနောက်နိုင်ငံသို့ ပို့ဆောင်သင့်ပါ၏။ ပို့ဆောင်ပါလော့။ မလှုပ်မရှား ငြိမ်သက်စွာနေခြင်းသည် ရောဂါကို ဖြစ်စေတတ်၏။ လှုပ်ရှားမှသာ ကျန်းမာနိုင်၏။ ဗုဒ္ဓဘာသာသည် သီဟိုဠ်၊ ယိုးဒယား၊ မြန်မာပြည်များ၌ မလှုပ်မရှား ငြိမ်သက်လျက်ရှိ၏။ သို့အတွက် လှုပ်ရှားပြန့်ပွားစေခြင်းငှာ ရဟန်းတော်များကိုယ်တိုင် မိမိတို့ တိုင်းပြည်မှ ထွက်ခွာ၍ သာသနာ ပြုတော်မူကြပါကုန်။ ကမ္ဘာမြေပြင်သည် ကျယ်ဝန်းပေစွ။ ရဟန်းတော်များသည် ရှေးအခါ ရဟန္တာအရှင်မြတ်ကြီးများကဲ့သို့ ကမ္ဘာအဝှန်း လှည့်လည်ကြရန် အချိန်တန်ပါပြီ ...''

- အစဉ်မပြတ် စီးလျက်ရှိသော ရေသည် စင်ကြယ်၏။

-The water that flows is pure.
The monk that goes is pure.

သောဝဏ္ဏာနိ သရောဇာနိ၊
နိမ္မာတုံ သန္တိ သိပ္ပိနော။
တတြ သောရဘာ နိမ္မာနေ၊
စတုရော ဝဒ ကောဘဝေ။

သော ဝဏ္ဏာနိ၊ ရွှေဖြင့် ပြီးကုန်သော။ သရောဇာနိ၊ ကြာပန်းလှလှ ကလေးတွေကို။ နိမ္မာတုံ၊ ပုံဖော်ဆောက် ဖြတ်လက်လက်လျှံဝင်း ဖန်ဆင်းလုပ်ဆောင်ရန်။ သိပ္ပိနော၊ သိပ္ပပညာရှင်တို့သည်။ ဝါ၊ ပန်းတိမ်လက်စွမ်း၊ ကမ်းကမ်းခတ် ပါရဂူတို့သည်။ သန္တိ၊ ရှိကြပါကုန်၏။ တတြ၊ လက်ရာ ဆန်းဆန်းကြာပန်း ပကတိ အိအိညက်စွာ လှပေ့ဆိုသော လက်ရာ၌။ သောရဘာနိမ္မာနေ၊ အမွှေးနံ့သင်း သက်လာ ဆင်းအောင် ဖန်ဆင်းလုပ်ဆောင်ရာမှာတော့။ စတုရော၊ ကျွမ်းကျင်ပါသူ ပါရဂူသည်။ ကောဘဝေ၊ ဘယ်သူဖြစ်လေ မည်နည်း။ ဝဒ၊ ဆိုနိုင်လျှင် ဆိုစမ်းပါ။ ဧဝံ၊ ဤဆိုခဲ့ပြီးသော အတိုင်း။ မေ၊ ငါ၏။ စေတနာ၊ သမ္မာဆန္ဒ လှုံကြွဝေဖြာ စေတနာသည်။ အာသိ၊ ဖြစ်ခဲ့လေပြီ။

သီတာဂူဆရာတော်

# သီတဂူရေအလှူ

## ဆန်းထွန်း



၃၇

တေနု မေ သမဏာ ပိယာ

# သီတဂူရေအလှူ

တေန မေ သမဏာ ပိယာ

၁။ ရောဟိနီနက္ခတ်ကို အစွဲပြု၍မှည့်ခေါ်သော အမည် ရောဟိနီ။

သူမ၏ဖခင်ကား ပစ္စည်းဥစ္စာကြွယ်ဝသော ဗြာဟ္မဏမျိုး၊ ဝေသာလီပြည်သား။

ရောဟိနီ၏ အတိတ်အကြောင်းသော်ကား - ဤကမ္ဘာမှပြန်၍ ရေတွက်သော် (၉၁) ကမ္ဘာထက် ဝိပဿီ ဘုရားမြတ်စွာကို မုန့်လှူဖူးသည်။ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။ တည်ခြင်း ငါးပါးဖြင့် ရှိခိုးခဲ့ဖူးသည်။ ဤကုသိုလ် အခြေတည်ဖြင့် ဘဝများစွာ ပါရမီ အခြေခိုင်၍ ဤဘုရား မြတ်စွာလက်ထက်တော်၊ ဝေသာလီပြည် ဗြာဟ္မဏမျိုးမှာ ဖြစ်လာသည်။

အတိတ်အကြောင်းလည်း မကျယ်ဝန်းလှပါ။ ပစ္စုပ္ပန်အကြောင်းလည်း မကျယ်ဝန်းလှပါ။ ပစ္စုပ္ပန်အကြောင်းသော်ကား ရောဟိနီ၊ လိမ္မာရေးခြားအရွယ်

ရောက်သော အခါဘုရားမြတ်စွာ ဝေသာလီပြည်မှာ သီတင်းသုံးခိုက် ဘုရားကျောင်းတော်သို့သွား၍ တရားနာသည်၊ သောတာပန်တည်သည်။ မိဘများအား သူတတ်သမျှမှတ်သမျှ တရားပြန်ဟောသည်။ ဘုရားမြတ်စွာ သာသနာအပေါ် မိဘနှစ်ပါးကို အနူးအညွတ်ခွင့်ပန်၍ သူ သာသနာ့ဘောင်ဝင်သည်။ ဝိပဿနာတရားအားထုတ်သည်။ မကြာမတင်လေးအင်သောပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့တိုင်ရောက်သည်။

အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် သူ၏ကျင့်စဉ်ကိုဆင်သည်။ သူငယ်ငယ် သောတာပန်ဘဝတုန်းက သူ့ဖခင်နှင့်အချီအချပြောခဲ့ရသောအကြောင်းများကိုဥဒါန်း အနေဖြင့်ပြန်လည်ကျူးရင့်ခဲ့သည် -

"ချစ်သမီး- သမီးဟာလေ၊ အိပ်တော့မယ်ဆိုတော့လဲ သမဏသမဏဆိုဆိုပြီးမှအိပ်တယ်၊ နိုးလာပြန်တော့လဲ၊ သမဏသမဏဆိုဆိုပြီး နိုးလာတယ်။ သမဏ သမဏဆိုတဲ့အသံတွေပဲ သမီးနှုတ်ကထွက်နေတယ်။ သမီးလေးဟာ ဝတ်ကြောင်ဘဝနဲ့ နေပေမယ့်မကြာခင် သမဏီမလေး ဖြစ်သွားတော့မယ်ထင်တယ်။ ဘယ်လိုလဲ သမီးလေးရယ်"

"သမီးလေးဟာ သမဏတွေကို လှူလိုက် တန်းလိုက်တာလဲတအားပဲ။ သမီးရောဟိနီ အဖေ မေး ပါရစေ၊ သမီးလေးဟာ ဘာကြောင့်များ သမဏ တွေကို ဒီလောက်တောင်ကြည်ညိုသဒ္ဓါ ဖြစ်ရတာလဲကွယ်။

"သမီး - စိတ်မရှိနဲ့နော်၊ အဖမြင်သလောက် သမီးကိုမေးမယ်။ သမီးကြည်ညိုတဲ့သမဏတွေဟာ အလုပ်လဲမလုပ်ချင်ကြဘူး၊ ပျင်းလဲပျင်းကြတယ်၊ သူများ ပေးစာကမ်းစာနဲ့အသက်ရှင်နေကြတယ်၊ လိုချင်မျက်စိလဲ အင်မတန်ရှိကြတယ်၊ အကောင်းလဲ ကြိုက်ကြတာပဲ၊ ဒါနဲ့များ သမီးကသမဏတွေကို ဘာကြောင့် ကြည်ညိုသဒ္ဓါ ဖြစ်နေရတာလဲသမီးရယ်"

သူဖခင်ပုဏ္ဏားကြီးက ရင့်ရင့်သီးသီး သမီး ကလေးကို မေးလိုက်တော့ သောတာပန် သမီးကလေး က ဤသို့ ပြန်လည်ဖြေကြားပါသည်။

"ဖခမည်းတော် - သမဏတွေ အကြောင်းကို မေးစေချင်နေတာကြာပါပြီ၊ အခုကာမှပဲ မေးတော့ သမဏတွေ အကြောင်းကို ဖြေကြားပါမယ်၊ ဖြေတဲ့ အထဲမှာ အဓိကအားဖြင့် သမဏတွေရဲ့ပညာ. သမဏ

တွေရဲ့ လုံ့လ ဝီရိယအကြောင်းတွေ ထည့်သွင်း ဖြေကြားပါ့မယ်"

"ဖခမည်းတော် - သမဏတွေဟာ သမဏ ဆိုင်ရာ တာဝန်ဝတ္တရား (ဝတ်ကြီးဝတ်ငယ်)တွေ မပြတ် ဖြည့်တင်း လုပ်ဆောင်တော်မူနေကြပါတယ်၊ ပျင်းလဲ မပျင်းကြပါဘူး၊ ပျင်းချိန်လဲမရပါဘူး။ အလုပ်တကာ့ အလုပ်ထဲမှာ နိဗ္ဗာန်ရောက်ကြောင်း လုပ်ငန်းဟာ အမြင့်မြတ်ဆုံး အကြီးမားဆုံးလုပ်ငန်းပါပဲ၊ အဲဒီ လုပ်ငန်းကြီးတွေကို အရှိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်တော်မူ နေကြ ပါတယ်၊ ရာဂ. ဒေါသ. မောဟ. ဒိဋ္ဌိ. မာန. ဣဿာ. မစ္ဆရိယတွေ အလှိုင်းတကြီး တိုးပွားစည်ပင် နေတဲ့လောက ထဲက လွတ်မြောက်အောင် အဲဒီတရား ဆိုးတွေပယ် နိုင်အောင် ကြိုးစားတော်မူနေကြတာပါ။ အဲဒီအကျင့် တွေ ကြောင့်သမဏတွေကို သမီးက ကြည်ညိုတာပါ"

"ခမည်းတော်၊ သမဏတွေဟာ -

ကိုယ်ကိုနောက်သို့ဆုတ်၊
နှုတ်ကိုလုံအောင်ပိတ်၊
စိတ်ကိုလုံအောင်ထိန်းပြီး

ငြိမ်းငြိမ်းချမ်းချမ်း နေတော်မူကြတာပါ။ အဲဒီအကျင့်တွေကြောင့် သမဏတွေကို သမီးက ကြည်ညိုတာပါ"

"ခမည်းတော် - သာမဏတွေဟာ ဘုရားမြတ်စွာထံမှသာ ကြားခွင့်ရတဲ့ပရိယတ္တိ ဗဟုသုတ၊ အသခံတဓာတ် ပရမတ်နိဗ္ဗာန်နဲ့ ဆက်သွယ်မိမှုရနိုင်တဲ့ ပဋိဝေဓဗဟုသုတ၊ ဗဟုသုတနှစ်ဖုံနဲ့ ကုံလုံပြည့်ဝတော်မူကြပါတယ်၊ ဓမ္မဝန်ကို ဆောင်ပြီး ဓမ္မနဲ့သာအသက်ရှင်နေကြတာပါ၊ ဓမ္မလမ်းကြောင်း မှန်ရာကိုလဲ ဟောညွှန်တော်မူကြပါတယ်။ အဲဒီ အကျင့်တွေကြောင့် သာမဏတွေကို သမီးက ကြည်ညိုတာပါ"

ဤသို့လျှင်ဆက်ကာဆက်ကာသမဏတို့၏ ဂုဏ်ကျေးဇူးများကိုသမီးကလေး ထံမှကြားနာရသော ဗြာဟ္မဏ ဖခင်ကြီးသည် သရဏဂုံသီလအစတည်၍ "ဘဝမည်သည် ဘယ်အခါတွင် ဘယ်သူဘာဖြစ်မည်ဟု မသိနိုင်သောအရာပါတကား" ဟု သံဝေဂဖြစ်ပွား၊ ရဟန်းပြု၊ ဝိပဿနာပွား၊ ရဟန္တာတစ်ပါးအဖြစ်သို့ ရောက်ဆိုက် သွားပါလေတော့သည်။

ရောဟိနီထေရီမ၏ ဥဒါန်းဂါထာများတွင် "တေန မေသမဏာဝိယာ"ဟု (၁၁)ကြိမ်ပါသည်။ ထို

ဂုဏ်ကျေးဇူး၊ ထိုအကျင့်၊ ထိုသီလသမာဓိ ပညာကြောင့် သမဏ (ရဟန်းတော်) သံဃာတော်အရှင်မြတ် များအား ကျွန်မသမီးကလေးက ကြည်ညိုတာပါဟု (၁၁) ကြိမ် ဆိုဖူး သကဲ့သို့ ဤစာရေးသူ ဗုဒ္ဓေါပါသက ဆန်းထွန်း တပည့်တော်ကလည်း ရောဟိနီဘိက္ခုနီမ ဆိုအပ်သော နည်းအတိုင်း "တေန မေသမဏာပိယာ" ဟု (၁၁)ကြိမ် ဆို၍ ဤဆောင်းပါးကိုဖွင့်လှစ်လိုက်ပါသည်။

အနာထပိဏ် သူဌေးသမီး စူဠသုဘဒ္ဒါက သူ့ယောက္ခမ ကာဠကသူဌေးအား ပြောကြားသော "တာဒိ သာသမဏာမမ" ဖြင့်လည်း ဤဆောင်းပါးကို ဖွင့်လှစ်နိုင် ပါသည်။

၂။ **ဣဒံထုတျမိဒံထုတျံ၊**

**ယောသက္ကထောတုမိစ္ဆတိ၊**

**အပိကပ္ပ သဟဿယု၊**

**တဿန္တံနာဓိဂစ္ဆတိ၊**

**ဣဒံ** - ဤအရာကား၊**ထုတျံ** - ချီးမွမ်းဖွယ်ပါ တကား။ **ဣဒံ** - ဤအရာကား။ **ထုတျံ** - ချီးမွမ်းဖွယ်ပါ တကား။ (ဣတိ၊ ဤသို့နှလုံးသွင်း၍)။ **ယော** - အကြင်သူ သည်။ **သတ္ထုံ** - ချီးမွမ်းစရာအဖုံဖုံအသီးစုံကို။

ထောတုံ၊ ချီးမွမ်းခြင်းငှာ။ **ကာရွတိ** - အလိုရှိပြားအံ့။ **ကပ္ပသဟဿာ ယုအပိ** - သက်တမ်းကမ္ဘာထောင်ချီကြာသည့်၊ **ဒီဃာယုက** - ပုဂ္ဂိုလ်ကြီးပင်သော်လည်း။ **တဿ** - ထိုချီးမွမ်းခြင်း ကိစ္စ၏၊ **အန္တံ** - အဆုံးသို့။ **နာဓိဂစ္ဆတိ** - ရောက်နိုင်တော့မည် မဟုတ်ပါ။

"လူ့တွင်ရာသက်၊
ဆတွက်တစ်သောင်း၊
ခံတွင်း လောင်းသည့်၊
အကြောင်းစေ့စုံ၊
မလျှောက်ကုံခဲ့၊
လုံးခြုံမပွက်၊
ရိပ်ကာမြွက်လည်း၊
နှိုင်းဘက်တုဆွယ်၊
ဖြစ်ပါဖွယ်ဟု၊
လူ့ဝယ်မှတ်မိ၊
အပြစ်ရှိအံ့။ ။

(သခင်ကြီး ဧချင်း။ ၁၃ ပိုဒ်)

ဆိုသောစကားကဲ့သို့ "မစို့မပို့" ချီးမွမ်းခြင်းမျိုးဖြင့် ချီးမွမ်းရသော "သီတဂူရေအလှူ"နှင့်

ဆီလျော်မှ ဆီလျော်ပါအံ့လောဟုလည်း တွေးချင်ရသေးသည်။

သိကြားမင်းတွင် ဇရာဝဏ်ဆင်ရှိပါသည်။ ယူဇနာ(၁၅၀)ရှိသည်။ ဇရာဝဏ်ဆင်မှာဦးကင်း (၃၃)ခုရှိပါသည်။ ဦးကင်း တစ်ခုတစ်ခုမှာ ဆင်စွယ်ခုနစ်ခုစီရှိပါသည်။ ဆင်စွယ်တစ်ခုတစ်ခုမှာ ရေကန်ခုနစ်ခုစီရှိပါသည်။

ဤသို့အားဖြင့် ဇရာဝဏ်ဆင်ပေါ်မှာ ရေကန်ပေါင်း (၁၆၁၇)ကန်ရှိပါသည်။ ဇရာဝဏ်ဆင်ပေါ်က ရေကန် (၁၆၁၇)ကန် ဘယ်လိုများ တင့်တယ်ပါလိမ့်မည်နည်း။ သိချင်မြင်ချင်ကြလျှင် စစ်ကိုင်တောင်ရိုးပေါ်က "သီတဂူရေအလှူ" စီမံကိန်းအရ တပ်ဆင်နေသော ရေကန်များကို သွားရောက် ကြည့်ညှိုနိုင်ကြပါသည်။

"အကြင်သူသည် မွေ့လျော်ဖွယ် ကြည်ညိုဖွယ်ကောင်းလှသော ဇေယျပုရသဒ္ဒမှ သီတဂူရေအလှူတော် စီမံကိန်းဝင် ရေရှင်လမ်းများ ယန္တရားအသွယ်သွယ်ကို မတွေ့ဖူးအံ့၊ ထိုသူသည် နန္ဒနာမည်

သော သိကြားချီးရန် ရေကန်ကြီးကိုတွေ့ဖူးသည်မြင်ဖူး သည်မမည်ပါ"။

"အကြင်သူသည် မွေ့လျော်ကြည်ညိုဖွယ် ကောင်းလှသော ဇေယျာပုရ သဒ္ဓမ္မသီတဂူ ရေအလှူတော် စီမံကိန်းဝင် ရေရှင်လမ်းများ၊ ယန္တရား အသွယ်သွယ်ကို တွေ့ဖူးအံ့၊ ထိုသူသည် နန္ဒနာမည် သော သိကြားချီးရန် နန္ဒနာကန်ကြီးကို တွေ့ဖူးသည်၊ မြင်ဖူးသည်မည်ပါ၏"။

တပည့်တော်များ ဤသို့ပင်ထင်မှတ်ပါသည် ဘုရား။

"ခြောက်ဘုံနတ်ရွာပြဟ္မာတစ်လွှား များစွာ ်သော နတ်ပြဟ္မာတို့သည် မဟာနန္ဒာ. စူဠနန္ဒာ အမည်ရှိသော နတ်ရေကန်များကို စွန့်ခွာဖယ်ရှား ထားခဲ့ကြ၍ သဒ္ဓမ္မ သီတဂူ ရေအလှူတော်ပွဲကို ကြည်ညိုကြရန် ယခုအခါ လူ့ရွာသို့ ဆင်းလာကြပါပြီ။ ထိုနတ်ပြဟ္မာတို့သည် သဒ္ဓမ္မသီတဂူ ရေအလှူတော် ပွဲကြီးကို တွေ့မြင်ကြရသောအခါ အလွန်အံ့ဩ ရောင့်ရဲ တင်းတိမ်နိုင်သည်မရှိ၊ ပီတိတွေဝေဖြာ၍ စေတနာ သဒ္ဒါတရားတွေ အထူး တိုးပွား ကြပါသည်ဘုရား"

"နိုင်ငံတော်၏ ဘုန်းကံရှိန်ကြောင့် ဖြစ်ပေါ်ရသောဘုရားမြတ်စွာ၏ ဘုန်းတော်ကံတော်ဖြင့် ခြယ်လှယ် ဆင်သထားအပ်သော သဒ္ဓမ္မသီတဂူ ရေအလှူစီမံကိန်းကြီး၏ ဂုဏ်ကျေးဇူး အဖုံဖုံကိုစုံလင်အောင် ကုန်စင်အောင် ဘယ်သူဆိုနိုင်ပါအံ့နည်း ဘုရား"

၃။(၁) သီတဂူ စန်းလ၊ ပန်းသကမဠ္ဍူ။
အိုင်သာအနောတတ်၊ ပြောစမှတ်ရှင်လူ၊
မေတ္တာအမွှ၊ စန္ဒကူး အရည်တူ၊
ရေဒါန၊ သာစွသီတဂူ။

(၂) အိမ်ကိုမီးလောင်၊
သယ်သောင်နိုင်သမျှ
ကိုယ့်ဖို့ရ၏၊
လောင်သမျှမှာကား၊
ပြာဖြစ်သွားခဲ့၊
တရားနှစ်ထွေ၊
သေခြင်း . အိုခြင်း၊
မကင်းနိုင်သော၊
လောကဘောင်ကြီး၊
ပြောင်ပြောင်ညီးသည်၊

လောင်မီး မျိုဝါး၊
အတွေ့သားနှင့်၊
တရားမယူ၊
အမှားမူဖြင့်၊
စား လှုနှစ်ချက်၊
မပြုရက်သော်၊
လက်လွှတ်ဆုံးရှုံး၊
ယူကျုံးမရ၊
ဝမ်းနည်းကြလိမ့်၊
မီးမခ ခင်၊
တင်တင်ကြိုကြို၊
ကိုယ်ကဦးစေ၊
ရေစင်သီတဂူ၊
အမိလှုမူ၊
ပူမျိုးစုံကင်း၊
အေးကွက်နင်းမည်၊
နေခင်း သာစွနေရဟန်......။

ဆန်းထွန်း(မန်းတက္ကသိုလ်)

# မိဘနှင့်တူသီတဂူ

မောင်ဉာဏ်ရှင်
(ခဆ်ကိုင်းတောင်ရိုး)

မိဘနှင့်တူသီတဂူဆိုတဲ့ ဆောင်းပါးကို သီတဂူစာစောင်မှာ စာရှုသူအပေါင်းတို့အား သီတဂူ ပုဒ်ဖွင့်တစ်မျိုး ကို ထုတ်သင့်သကိုးဟု စိတ်ဝယ်ထင်၍



သိပ် မကျယ်သော စကားအစဉ်ဖြင့် အများရှင်စရာနှင့် အကိုးအကား အချိုး အစားကျစွာ ရေးရပါတော့မည်။

မိဘနှင့် တူဆိုသည်ကား သီတဂူဟူသော ဝေါဟာရကလေးကို **သီတ** - ဂေါလို့နှစ်ပုဒ်ခွဲလိုက်ပြီး ရှေ့ **သီတ**၏ ပုဒ်အနက်က အေးမြကြည်လင်ခြင်းကို ပေးတတ် သောဆိုတဲ့ အနက်မျိုးကို ယူပြီးကနောက် ဂေါဆိုတဲ့ပုဒ် အနက်ကတော့မာတာဆိုသောပုဒ်ကို ဟောသည်ဟု သက္ကဋအာသုဓောမိအဘိဓာန်က ဖွင့်ပါသည်။ ထိုမာတာဆိုတဲ့ပုဒ်ကလေးကို မာတာ စပိတာ စမာလို့ ဧကေသိက်ပြု၍ မိနှင့်ဘ နှစ်မျိုးလုံးပင် ကောက်ယူစေလိုပါသည်။ ဧကေသိက် မုတစ်ဆင့် မာတာပိတမာတာလိုလည်း ဥပမာတဒ္ဓိတ်ဆင့်လို ပါသေးသည်။ ထိုမာတကိုဟောတဲ့ ဂေါဆိုတဲ့ပုဒ်ကို လည်း ဂေါစ ဂေါစ ဂေါလို့ ဧကေသိက်လုပ်ပြီး ဂေါဝိယ ဂေါလို့လည်း ဥပမာတဒ္ဓိတ်ဆင့်ထုတ်လိုက်ပါသည် ဒီတော့ သီတ နောက်မှာရှိတဲ့ ဂေါဆိုတဲ့ ပုဒ်နက်က တောင်ရိုးပျော်သူ တော်စင်တို့အပေါ် ရေစင်ပေး၍ ကျွေးနေသော မိဘနှင့်တူသော သီတဂူဆရာတော် အမှူးရှိတဲ့ ဆရာတော်အားလုံးကို ရနေပါသည်။

သီတဂူတစ်ဖွဲ့လုံးရအောင်တော့ "သီတာသီတလာ ဂေါဝိယ ဂါဝါဝိယ မာတာပိတုသဒိသာ ထေရာ ယဿာတိသီတဂူ"သို့ မဟုဗ္ဗိသမာသ် တွဲစပ်လိုက်လျှင် အေးမြကြည်လင် သန့်ရှင်းစင်သည့် ရေစင်ဖြင့် ကျွေးမွေးနေသော မိဘကြီးများနှင့်တူသော သီတဂူ ထေရ်အမှူးရှိသော ဆရာတော်များ ပါဝင်နေကြသော ကြောင့်၊ အမည်နာမသီတဂူဖြင့် ဇမ္ဗူတွင် တလူတူ အညွန့်အသားတက်ကာ လူနတ်ချမ်းသာဘဝ ဆက်ကာရပြီး မဂ်အမတာ နိဗ္ဗာန်စခန်းသို့ စိတ်ကြံ မှန်းတိုင်း တကယ်ရောက်ကြမည့် သီတဂူအဖွဲ့သားလုံး ကို သီတဂူဟု အမွှမ်းတင်ကင်ပွန်းတပ်လိုက်ရပါသည်။

မာတာကိုကစ္စည်းဆရာတော်က "မာနာဒိ ဟိရာတု" မာနဓာတ် နောင်ရာတုပစ္စည်းသက်၍ "ဓမ္မေန ပုတ္တံ မာနေတီတိမာတာ"ဟု ဝိဂြိုဟ်ပြုပြီး တရားသဖြင့် သားသမီးကိုမြတ်နိုးတတ်သောကြောင့် မာတာဟု ဖွင့်ထားသည်ကို မောဂ္ဂလာန်ဆရာတော်က ပယ်ပြီး ပါဓာတ်ဖြင့် "ပုတ္တံ ပါယေတီတိ မာတာ" သားသမီးများကိုနို့ချိုကျွေး၍ မွေးတတ်သောကြောင့် မာတာလို့ ဖွင့်ဆို၏။ ပါဓာတ်တု ပစ္စည်းဖြင့်ပါက ပ

အကၡရာကိုမပြုပြီး မာတာရုပ် တွက်ပြပါသည်။ မှန်ပါ သည်။ မိခင်များသည်သားသမီးအပေါ်တွင် အလွန် မေတ္တာဓာတ်အား ကြီးသောကြောင့်အလွန်ရဲသော သွေးက အလွန်ဖြူစင်သောနို့များ ဖြစ်လာသည်ဟု သက္ကဋဘာဝပွကာသ စသောဆေးကျမ်းပြုစုသူတို့မှာ မဟာကရုဏာရှင်လောကီဗျာန် အဘိညာဥ်ဖြင့်အမိ၏ နီရဲသောသွေးကဖြူစင်သန့်ရှင်းသောမေတ္တာဓာတ် အဟုန်ကြောင့်ဖြူဆွတ်သော နို့ရည်အဖြစ်သို့ ရောက်ကြ သည်ဟု ဟောတော်မူခဲ့ကြပါသည်။ မှန်ပါသည်။ ကောဋ္ဌာသ (၃၂)မျိုးတွင်နို့ရည်ဟူသော ကောဋ္ဌာသကို ဘုရားမဟောခဲ့ပါ။ သွေးကိုသာ (၃၂) ကောဋ္ဌာသ၌ ပါဝင်စေကာ (၃၂)ဟု ဟောခဲ့ပါသည်။ အမိ၏ မေတ္တာ ကြောင့် သွေးမှဖြူဖွေးသော နို့ရည် ဖြစ်လာပါသည်။ ဒါကြောင့် ဤခေတ်တွင် ဖြစ်လာကြသော သားကောင်း/ သမီးကောင်း သူတော်စင်အပေါင်းတို့ အလွန်မေတ္တာဓာတ် မြင့်မား သောအမိအပေါ် (သို့မဟုတ်) အဖအပေါ် မရှိမသေ၊ မလေးမစား မပြုလုပ်ကြရန်ကြပ်ကြပ်ကြီး သတိပေး ပါသည်။ မိဘများကိုမရှိမသေ၊ မလေးမစားပြုကြပါရင်

ဤဘဝတွင် ဆင်းရဲအမျိုးမျိုးခံစားရပြီး တမလွန်တွင် အဝီစိ ငရဲသို့ကျဆင်းရမည့်ဘေးကို တွေး၍ ကြောက်ကြစမ်းပါ။

မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို ကြည့်စမ်းပါ။ တစ်ဘဝတစ်လေ မိဘတို့အပေါ် မှောက်မှားသွားသည့်အတွက် ကြောက်အား အလွန် ပိုစရာကောင်းသော ဖြစ်အင်ကိုရှုကြပါ။ သူတော်ကောင်း သူမြတ် လောင်းအရှင်မောဂ္ဂလန်ကိုယ်တော်မြတ်ကြီးသော်မှလည်း နိဗ္ဗာန်နန်း စံမြန်းရသော ဘဝတိုင် မိဘအပေါ် မရှိမသေ၊ မလေးမစား ပြစ်မှုဒဏ်ချက်ကြောင့် ခိုးသားငါးရာ သတ်ခံသည့်ဘေးကို တွေးကြည့်ကြ၍ ခေတ်လူငယ် ဖြစ်ကြသော မောင်တို့ / မယ်တို့ မိဘကိုရိုသေကြ၊ မိဘကို လေးစားကြပါ။ မိဘကို ရိုသေလေးစားကြပါမှ ဤဝိပတ္တိ ခေတ်ကြီး နှင့် လွဲ၍အမြဲတမ်း တက်ကပ်နင့်တိုးပြီး အမျိုးမျိုး လူ၊ နတ်ချမ်းသာရလျက်နောက်ဆုံး နိဗ္ဗာန်ချမ်းသာကြီး လွယ်ကူစွာရကြပါမည်။

ဤစာရေးသူသည် အခြေခံ မောဂ္ဂလာန်ကျမ်း၌ ကွာဒိကဏ္ဍာသုတ်နံပါတ် (၇၂)တွင် ထို

အကြောင်းအရာ ဆောင်ပုဒ်ကလေး ကိုအောက်ပါ အတိုင်း စပ်ဆိုခဲ့ပါသည်။

"မာတာဟောပုဒ်၊ မာနရုပ်ဖြင့်၊ ပြုလုပ်ကစွည်း၊ ရေ့ဆရာနည်းကို အပြီးမယူ၊ တစ်နည်းပြုလျက်၊ သည်းအူရွှေသွေး၊ နို့တိုက်မွေးဟု၊ အတွေးကြွယ်ပြန်၊ မောဂ္ဂလာန်က၊ အမှန်အပ၊ ဟောပုဒ်ပြသည့်၊ ပါကဖြစ်လာ၊ လက္ခဏာကို၊ ပယ်ခွာပါနေ၊ နို့ချို တိုက်ကျွေး၊ ဤသည့်ရေးကြောင့်၊ ချင့်တွေးပါမှ၊ ပက္ခရကို၊ ပြောင်းထ-မ-ဗျည်း။ သို့စဉ်ဆီးလျက်၊ ရုပ်ပြီးမာတာ၊ ကြံမည်ရှာသည်၊ ဆရာမောဂ္ဂလာန်အလိုတည်း။"

"အမေ့နို့တွေ၊ လိုက်ရှာလေသော်၊ အမေ့မေတ္တာ၊ ကြီးမားပါသဖြင့်၊ များစွာသားသမီးတွေ၊ စို့ကြစေဖို့၊ သွေးတွေကသာ၊ နို့ဖြစ်လာဟု၊ ဆရာသက္ကရှ၊ ကျမ်း၌ပြ၏။ မိဘများတွင် သားရွှေစင်၏၊ ဂုဏ်အင်မေတ္တာ ပြည့်ပြီးခါလျှင်၊ မာတာဖခင်၊ ကျေးဇူးရှင်ကို၊ သခင် ဘုရားတစ်ဆူလားသို့၊ နောက်သားငါတို့၊ ကိုးကွယ်ဖို့ဟု မချို့မှန်စွာ၊ တိုက်တွန်းပါ၏။ နောင်ခါနသေး၊ ငယ်ကွေးလေးဟု၊ ရွှေသွေးဟုတွင်၊ သားရွှေစင်ကို၊ မိခင်အပေါ်၊ ကျေးဇူးဖော်လျက်၊ မခေါ်သူများ၊

မိဘများကို၊ ကြိုးစား၍သာ၊ ရှိသေပါက၊ ကာလ ဝိဘတ်၊ ပျက်သည့်ကပ်နှင့်၊ အထပ်ထပ်သာ၊ မတွေ့ပါဘဲ၊ ချိန်ခါမြင့်မော်၊ ကောင်းကျိုးပေါ်လျက်၊ အလျော်နတ်ဌာန်၊ လူရပ်ပြန်၍၊ ပါယ်ဌာန်လေးမျိုး၊ ဖွတ်မတိုးသည်၊ အကျိုးကြီး ရမည်သာကို" ဟု ဆောင်ပုဒ်လုပ်၍ ရေးခဲ့ပါသည်။ မှန်၏။

မြတ်စွာဘုရားကလည်း မိဘများကို ဗြဟ္မာကြီးဟူ၍ လည်းကောင်း၊ လက်ဦးဆရာဟူ၍ လည်းကောင်း၊ အင်္ဂုတ္တိုရ်တိကနိပါတ် ဒေဝဒူတသုတ်အဖွင့် အဋ္ဌကထာ နှာ -၉၉ တွင် ဤသို့ ဖွင့်ဆိုခဲ့ပါသည်။

ဗြဟ္မာများသန္တာန်ဝယ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါး ရှိကြသဖြင့် ကြီးထွားမြင့်မြတ် ဗြဟ္မအမည် တပ်ခါ ဟောတော်မူခဲ့ ပါသည်။ ထို့အတူ မိဘများသည် သားသမီးအပေါ်၌ ဗြဟ္မဝိဟာရတရားများကို မစွန့်ကြပဲ ဤတရားလေးပါး အမြဲတည်သောကြောင့် တိုးပွားမြင့်မြတ်သည့်အတွက် မိနှင့်ဘကို ဗြဟ္မာဟု ဟောဖော်ညွှန်ပြ ခဲ့ပါသည်။

တူပုံမှာ မိဘများသည် သားသမီးများ အပေါ်တွင် ဝမ်းဗိုက်တွင်း နေစဉ်ကပင် ဘယ်ခါငါတို့ သား

ကလေး (သို့မဟုတ်) သမီးကလေးများကို ရောဂါကင်း မဲ့စွာဖြင့် အင်္ဂါခြေလက်စုံလင်စွာ ဂုဏ်သန္တာန်ဝယ် ချစ်ခင်မှုဟူသော မေတ္တာဓါတ်တွေ တဖွားဖွား ဖြစ်နေကြသတဲ့။

ကရုဏာ - သားငယ် / သမီးငယ်ကလေးတွေ မွေးဖွားပြီး မကြာမြင့်မီ ဗန်းတွင်း၊ ပုခက်တွင်း၊ သလွန်တွင်း တည်နေသောအခါ ခြင်၊ ယင်၊ ကြမ်းပိုးတို့၊ နေပြောက်တို့ ထိုးသဖြင့် အမျိုးမျိုး အော်ဟစ် ငိုသောအခါ မိဘတွေသန္တာန်မှာ သားသမီးပေါ် အကြီးအကျယ် ကရုဏာတရားများ ဖြစ်ပွားသတဲ့။

မုဒိတာ - သားငယ် / သမီးငယ်ကလေးများ ပက်လက်ကလေးမှ တဖြည်းဖြည်း ထိုင်နိုင်၊ ထနိုင်၊ မတ်တတ်ရပ်နိုင်၊ ပြေးနိုင်၊ လွှားနိုင်ပြီဆိုပြီး မိဘတွေရဲ့သန္တာန်မှာ သားသမီးအပေါ် မုဒိတာတရားဆိုတဲ့ ဝမ်းမြောက်မှုမှာ လွန်စွာတိုးပွားသတဲ့။

ဥပေက္ခာ - သားသမီးများ ကြီးမား၍ အရွယ်ရောက်လာကြပြီး ကိုယ့်အိုး၊ ကိုယ့်အိမ် ထူထောင်သောအခါမှ မိဘများက သားသမီးအပေါ် ငါ့သား / ငါ့သမီးများသည် သူတို့ဟာသူတို့ ရှာစားနိုင်ပြီ။ မျက်နှာလွှဲနိုင်ပြီ

ဆိုပြီး လျစ်လျူရှုမှု၊ မျက်နှာလွှဲနိုင်မှု၊ ဥပေက္ခာတရားများ ဖြစ်ပွားသတဲ့။ မိဘများသည် ရင်းပြဟ္မဝိဟာရ- ဖြဟ္မာလိုနေထိုင်တဲ့ တရားလေးပါး ပြည့်စုံခြင်းကြောင့် ဖြဟ္မာကြီး မည်ကြသတဲ့။

**သီတဂူဖြဟ္မာကြီးများ**

သီတဂူအမှူးရှိတဲ့ သီတဂူအဖွဲ့သား ဆရာတော်ကြီးများနှင့် လူဒါယကာ / ဒါယိကာမတွေ သန္တာန်မှာလည်း တောင်ရိုးပျော် သူတော်စင်တို့ အပေါ်မှာ တောင်ရိုးပျော် သူတော်စင်တွေသည် ဘုရား သာသနာကြီးကို ကြီးထွားအောင် အားထုတ်နေကြ တယ်။ မိမိတို့အတွက် သာသနာတော်ကြီး အရင်းခံပြီး သံသရာရေယာဉ်ကြော အမျောဘဝမှ သံသရာ ဟိုဘက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်အောင် အားထုတ်ကြပေသည်ဟု တောင်ရိုးပျော် သူတော်စင် တို့အပေါ် ကြီးမားသော မေတ္တာတရား ပွားကြပါသည်။

ကရုဏာတရား တောင်ရိုးပျော် သူတော်စင် တွေသည် ဘုရားသာသနာအလုပ် အားထုတ်ပေမယ့် ခန္ဓာဝန်ဒုက္ခ မှုချ တိုးနေရသောကြောင့် မိမိချောင်

အသီးသီးမှာ ကန်ကြီး၊ ကန်ငယ် အသွယ်သွယ် ရှိကြပေမယ့် ကာလဆုတ်ကပ် ရုပ်ခါတ်ဖြစ်ချိန် ဆိုတော့ မိုးကခေါင်းပါး အကြောင်းအားလျော်စွာ ရေဘေးဒုက္ခနဲ့ မုချတိုးနေရပါတကား၊ တောင်ရိုးပျော် သူတော်စင်တွေ သည် အလွန်သနားစရာပါလားလို့ သီတဂူဆရာတော် အမှူးရှိတဲ့ သီတဂူတစ်ဖွဲ့လုံးသန္တာန်မှာ အမှန်သာ ကြီးမားသော သနားခြင်း ကရုဏာတရား ဖြစ်ပွားကြပါ သည်။

မုဒိတာတရား တောင်ရိုးပျော် သူတော်စင် တွေအပေါ် ကရုဏာတရားတွေ အားကြီးလာတော့ သီတဂူခေါင်းဆောင် ဆရာတော် သီတဂူဦးဉာဏိဿရ၊ ဝေဇယန္တာ ဦးမဟောသဓ၊ သုဓောဓာရုံ ဦးနန္ဒမာလာ၊ မြစကြာ ဆရာတော် ဦးလက္ခဏ အမည်တွင်တဲ့ ဆရာတော်လေးပါး ခေါင်းချင်းရိုက် တိုင်ပင်ကြပြီး သီတဂူပြဋ္ဌာန်းလျက် မိမိတို့၏အစွမ်းဖြင့် ဒါယကာ၊ ဒါယိကာမတွေက လှူဒါန်းကြသဖြင့် သီတဂူရေအလှူ အဖွဲ့ကြီး ပေါ်ပေါက်လာတော့သည်။ ထိုအခါ သီတဂူ အမှူးရှိသော ဆရာတော်၊ သံဃာတော်တွေနှင့် ဒါယကာ၊ ဒါယိကာမတွေသန္တာန်မှာ မုဒိတာဆိုတဲ့

ဝမ်းမြောက်မှုတွေ တဖွားဖွား ဖြစ်နေကြတဲ့ အချိန်မှာ တရိန်ထိုး အလှူတန်းတွေ များပြားပြီး သီတဂူ ရေစက်ကြီးဖြင့် ပင်မကန်ကြီးများသို့ ပို့ဆောင်ပြီး လှူဒါန်းရာ တောင်စစ်ကိုင်း ချောင်တိုင်းမှာပင် ရေတွေ၊ ကန်တွေနဲ့ အပြည့်အလျှံ ရကြသုံးကြရတော့ အင်း… တောင်ရိုးပျော် သူတော်စင် တွေမှာ ယခုအခါ ရေဘေး ဒုက္ခမှ မုချလွတ်ကြရပြီး လျစ်လျူရှုကာ ဥပေက္ခာ တရားတွေ ဖြစ်ပေါ်လာကြရပါသည်။

ဒါကြောင့် သီတဂူတစ်ဖွဲ့လုံးသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရား လေးပါးနဲ့ ပြည့်စုံသည့်အတွက် ဗြဟ္မာကြီးတွေပေါ့၊ ဗြဟ္မာမမြင်ဖူးကြတဲ့ စာရှုသူတွေသည် ဗြဟ္မာမမြင်ဖူး လျှင် သီတဂူဆရာတော်၊ သီတဂူဆရာတော်ရဲ့ ထိပ် ခေါင်တင် ဆရာတော်များ၊ ရေပေးအဖွဲ့ ဆရာတော်ကြီး များ၊ လူပုဂ္ဂိုလ်ကြီးများသည် ဗြဟ္မာကြီးတွေ ပါလားဟု အားပါးတရ ကြည်ညို့ဝမ်းမြောက်ရန် ဤစာရေးသူက နှိုးဆော်တိုက်တွန်းယင်း နိဂုံးကမ္ပတ် အပြီးသတ် လိုက်ရပါတော့သည်။

မောင်ဥက္ကာဏ်ရှင်
(စစ်ကိုင်းတောင်ရိုး)



# သီတဂူထုတ် ဩဘာသစာတမ်း

## ဘန်းကွန်း

၁။ ဧက ပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊ ဗဟုဇန ဟိတာယ ဗဟုဇန သုဒါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧက ပုဂ္ဂလော၊ တထာဂတော အရဟံ သမ္မာ သမ္ဗုဒ္ဓေါ။ အယံ ခေါ ဘိက္ခဝေ ဧက ပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာန ကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ

ဒေဝမနုဿာနံ။

၂။ တထာဂတ

အရဟာနှင့်

သမ္မာသမ္ဗုဒ္ဓ

ဂုဏ်ဝါလျှံမြိုး

ပုဂ္ဂိုလ်ထူးဟု

တဦးထင်ပေါ်

မြတ်ရှင်တော်ကား

အံ့သြဖွယ်ရာစလောက်

မိုးဆုံးချောက်မျှ

နှစ်ယောက်မပေါ် (အဒုတိယော)

အဖော်မပြု (အသဟာယော)

အတူမထွက် (အပ္ပဋိမော)

အဖက်မဆုပ် (အပ္ပဋိသလော)

အပြိုင်မရ (အပ္ပဋိဘာဂေါ)

အမျှမတည် (အပ္ပဋိပုဂ္ဂလော)

ရည်တူမရှိ (အထမော)

မရှိရည်တူ

အရည်တူ၍ (အသမသမော)

လူလူ နတ်နတ်
မြတ်မြတ်လုစွာ
ပြဟ္မာ မာထက်
အသာလွန်ဆုံး
အမြတ်ဆုံးတည့်။
ဆုံးစွန်နိဗ္ဗူ
စံစေဟူ၍
နတ်လူအပေါင်း
ချမ်းသာကြောင်းကို
ထိန်းကျောင်းပွဲပြင်
သွန်သင်ဆုံးမ
လမ်းညွှန်ပြသည်
ဘုရားဂုဏ်တော် ကျေးဇူးတော်။
၃။ ရဝိစန္ဒော ယန္တာ ရက္ခာ၊
နဒီဂါဝေါစ သဒ္ဓနာ၊
ဇတေ ပရောပတာရာယ၊
ယုဂေ ဘာဂျေန နိမ္မိတာ။
သူတထူးကို
ကျေးဇူးပျူငှာ

လူ့ကြမ္မာက
ဖန်လာသည်ကား
ခုနစ်ပါးတည့်
နွားမမြစ်ချောင်း
သူတော်ကောင်းနှင့်
ရိပ်ဆောင်းသစ်ပင်
မိုးကောင်းကင်က
ဆင်ရာတိမ်ဆင့်
လှမ်းမမြင်တည့်
စန်းပွင့်သီတဂူ
တဆူဝေလွှင်
နေပြတင်တို့
လူရှင်အကျိုး
သယ်ပိုးသည်မှာ
ခေတ်တိုင်းသာတည့်။

၄။ ပရော ပကာရာယ ဖလန္တိ ရုက္ခာ၊
ပရော ပကာရာယ ဒုဟန္တိ ဂါဝေါ၊
ပရော ပကာရတ္ထ မိဒံ သရီရံ။
သစ်ပင်မြစ်ချောင်း

နို့ကောင်းနွားမ

ဤကာယကား

သူများအကျိုး

သည်ပိုးအငှာ

သီးကာထန်သီး

စီးမြဲစီးလျက်

ဓီးဓီးယိုကျ

ကျိုးဆောင်ရ၏

ဤဒံ သရီရံ၊ ဤကိုယ်ကာယသည်။ ပရော ပကာရတ္ထံ၊ သူတပါးကျေးဇူးဆောင်ရန် အလို့ငှာ သတည်း။

ဤသို့သော သဘောကို နစ်နောဆင်ခြင်မိသော သဲကုန်းဆရာတော်သည်။

"ဖွဲမနှုန်းသာဘူး၊

သဲကုန်းရယ်တဲ့ ဆရာတော်။

တောင်စစ်ကိုင်း၊

ချောင်တိုင်းရေလှူဖို့၊

နေပူ လေပူကြမ်းငှဲ့ပြင်၊

ဆောင်းချမ်း ဖုန်ဒဏ်နဲ့။

စန်အဆန် သာသနာပြုတယ်၊

မောနိုင်ဘူးနော်" ဟု စာဖွဲ့ရလောက်အောင်ပင် သူတပါးအကျိုးအတွက် ကိုယ်တော်ကို အရိအနွမ်း ခံတော်မူပါသည်။

၅။ ဈာန ဝိပဿနာ မဂ္ဂေါ၊

ဖလံ မဓုရ ဒေသနာ၊

ပဉ္စမကာ ပတေနာဘိ၊

သိတွော တိ ဓမ္မဒေသနာ။

(၁) ဈာန်တရားသည် အမြိုက်ရေ၊

(၂) ဝိပဿနာတရားသည် အမြိုက်ရေ၊

(၃) မဂ်တရားသည် အမြိုက်ရေ၊

(၄) ဖိုလ်တရားသည် အမြိုက်ရေ၊

(၅) ချိုမြိန်သော ဓမ္မဒေသနာသည် အမြိုက်ရေ၊

ချိုမြိန်သော ဓမ္မဒေသနာအမြိုက်ရေ၏ တန်ဖိုးကို သိသော သပိတ်အိုင်ဆရာတော်သည် -

တောင်မြောက်ရှေ့ပိုင်း၊ နောက်ပိုင်းပါခြုံ၊

ပြည်တွင်းပြည်ပ၊ ကမ္ဘာ့နယ်စုံ၊

နေ့ညမဆိတ်၊ ဒွိတ္တိ ကွတ္တုံ၊

ရန်ကုန်မိုး၊ သွန်းဖြိုးရွာသည့်ပုံ။

တရားမိုးကို သွန်းဖြိုး ရွာချတော်မူခဲ့ပါသည်။

(၆) ဗိမ္ဗိသာရမင်းသည် "သဟာယာ အညမညာတေ၊ သုဒ္ဓေါဒနော စ ဘာတိယော" ဒီပဝင်စကားအတိုင်း သုဒ္ဓေါဒနမင်း၏ သူငယ်ချင်း ဘာတိယမင်း၏ သားတော်ဖြစ်၏။ ဗိမ္ဗိသာရမင်းသားလေး ရှစ်နှစ်သားအရွယ်ကပင် "ပိတာမံ အဘိသိဉ္စေယျ၊ ပိတာမံ အနုသာ သေယျ" ဟူသော အလိုအာလယဆန္ဒစာတ် ဖြစ်ပေါ်ခဲ့ဖူး၏။ "ငါ့ကို ငါ့ခမည်းတော်ဘုရားက ဩဝါဒါဘိသေက - ဆုံးမစကား အဘိသိက်သွန်းလောင်းပါစေသတည်း"။ ဤသို့ အလိုဆန္ဒ ဖြစ်ပေါ်ခဲ့၏။ သားကောင်းသမီးကောင်းသည် မိဘ၏ အဆုံးအမကို ခံချင်၏။ ငါ့အား ငါ့မိဘများက ဆုံးမပါစေဟု တောင့်တ၏။ တပည့်ကောင်းသည် ဆရာ၏ အဆုံးအမကို ခံချင်၏။ ငါ့အား ငါ့ဆရာက ဆုံးမပါစေဟု တောင့်တ၏။

သဒ္ဓမ္မသီတဂူဆရာတော်ကလေး အရှင်ဉာဏိဿရသည် မိမိ၏ ခမည်းတော် ဆရာသခင် ကျေးရှူးရှင် အနီးစခန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘာသန္တရဝိဒူ မဟာဓမ္မကထိက ကမ္ဘာကျော်

ဆရာတော်ဘုရားကြီးနှင့် သံဃပိတာ ရတ္တညူ ဆရာတော်ဘုရားကြီးများ ဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်းရွှေဟင်္သာ တိုက်သစ် ဆရာတော်ကြီး၊ စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်တို့၏ အဆုံးအမကို ခံယူရသည့်ပြင်၊

"ကာမာနန္ဒ ဧကေစ္စော ပုဂ္ဂလောသော ရတော ဟောတိ၊

သုခယံဝါသော အတိနန္ဒန္တိ၊ သဖြဟ္မစာရီ ဧကတ္တဝါသေန တဿ၊

သဝနေနပိ ကတံ ဟောတိ၊ ဗာဟု သစ္စေနပိ ကတံ ဟောတိ။

ဒိဋ္ဌိယာပိ သုပ္ပဋိဝိဒ္ဓံ ဟောတိ၊ သာမာယိကမ္ပိ ဝိမုတ္တိံ လဘတိ။

စသော ဆက္ကဂ်ံတ္တရ၊ မိဂသာလာသုတ် ပါဠိတော်နှင့်အလျော် သူတော်ကောင်း ပညာရှိ ဝုဍ္ဍိဘာဂီယသမားပီပီ ညီတော်နောင်တော် သီတင်းသုံးဖော်များ၏ ကြည်ညိုနှစ်သက်ခြင်း (ပိယမနာပဘာ) အပါအဝင် ကိုယ်တော်၏ သပ္ပာယ်ခြင်း(အဘိရူပတာ)၊

သက်တော်ရှည်အံ့သောကံ ရိပ်ပါခြင်း (ဒီဃာယု ကတာ)၊ ရောဂါကင်းခြင်း (အပ္ပါ တင်္ကာဘာ)တည်းဟူသော အံ့ဖွယ် (အစ္ဆရိယဓမ္မ) လေးပါးနှင့် ပြည့်စုံတော်မူပါသည်။

(၇) မြန်မာနိုင်ငံ၌ ဘုရင်ပေါင်း ၁၉၁။ နှစ်ပေါင်း ၂၈၁၉၊ ၃၀၀၀ နီးပါး ကာလအခွန့်ရှည်လျားစွာ ကြာညောင်းခဲ့သော်လည်း စစ်ကိုင်း တောင်ရိုးပေါ်မှ မျှော်ခေါ်ကြည့် မောနေရသော ဧရာဝတီမြစ်ရေများသည် ယနေ့အချိန်ကဲ့သို့ ဘယ်မင်းလက်ထက် ဘယ်သက္ကရာဇ် ဘယ်နှစ် ဘယ်အခါကမှ စစ်ကိုင်းတောင်ရိုးပေါ်သို့ ဤမျှ လိုင်လိုင်ကြီး ဖြိုင်ဖြိုင်ကြီး မတက်ခဲ့ဖူးပါ။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဤရှင်လူ၊ ဤပြည်သူ၊ ဤအစိုးရ၊ ဤလက်ထက်တွင်မှ မကြုံစဖူး ထူးထူး ခြားခြား တောင်စစ်ကိုင်း ချောင်တိုင်း ရေလျှံနိုင်ရခြင်းမှာ -

"နောတတ်မှာ မာန်ကြွတဲ့၊
ပန္နဂ အသာခြွေသည်၊
သာမကော ရေယူသို့၊

ဇေယျပူ သာတံတိုင်း(၆၇၇)၊
စစ်ကိုင်းရယ်တဲ့ တောင်ပေါ်၊
ချောင်တော်အနံ့ ရေချမ်း။
သီတဂူ၊
ထေရ်တဆူ ပဓာနရယ်နှင့်၊
သာဝက သာဝိကာတို့၊
သဒ္ဓါရှိစွာပါဝင်လို့ ပေါင်းကြတယ်၊
သောင်းသိမ့်သိမ့်လွှမ်း"

ဟူသော ကဗျာအတိုင်း တိုင်းသိ ပြည်သိ ကမ္ဘာသိပင် ဖြစ်ပါတော့သည်။

စစ်ကိုင်းတောင်ရိုး၊ သီတဂူရေအလှူတော် ၁၃၄၂-၁၃၄၆၊ လေးနှစ်တာ ခရီးတိုးတက်မှု အစီရင်ခံစာ သီတဂူ နိဒါန်း၌ သီတဂူ အရှင်ဉာဏိဿရက ဤသို့ ဥဒါန်းကျူးခဲ့ပါသည် -

သီတဂူစီမံကိန်းကို ယုံကြည်ချက်ဖြင့် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ သီတဂူသည် တောင်ရိုးပျော် ထိပ်ခေါင်တင် ဆရာတော်ကြီး များ အစထား၍ ရဟန်းသာမဏေ သီလရှင် သူတော်ကောင်း ၄၀၀၀ ကျော် တို့၏ သီလ သမာဓိ ပညာတော် မေတ္တာတော်တို့၏

အာနုဘော်ကို အားကိုးယုံကြည်သည်။

ထို့ပြင် အလှူရှင်၊ စေတနာရှင်၊ ပညာရှင်တို့၏ စေတနာ ပညာစွမ်းအားတို့ကို ယုံကြည်သည်။ အားကိုးသည်။ သို့ဖြစ်၍ တောင်ရိုး ပျော် သူတော်စင်တို့၏ သီလ သမာဓိ ပညာ မေတ္တာတော်များနှင့် တိုင်းသူ ပြည်သား တို့၏ သဒ္ဓါစေတနာ ပညာတို့ကို သီတဂူအဖွဲ့၏ ဖွဲ့လုံ့လ နှင့် ပေါင်းစပ်ပေးလိုက်လျှင် တစ်သုံးလုံးပေါင်းစပ်လျှင် သုံးဖြစ်ရသလို တစ်စုံတစ်ခု ဖြစ်ရမည်ဟု သီတဂူက ယုံကြည်ပါသည်။ ထိုသို့ ယုံကြည်သည်အားလျော်စွာ သူတော်ကောင်းတို့၏ သိက္ခာ၊ ပြည်သူတို့၏ စေတနာ၊ သီတဂူ၏ ဖွဲ့လုံ့လကို အချိုးညီစွာ ပေါင်းစပ်ခဲ့ရာ သီတဂူ ရေအလှူတော်စီမံကိန်း တစ်ခုဖြစ်ပေါ်လာခဲ့ပါသည်။

၁၃၄၂ ခု၊ ကဆုန်လပြည့်နေ့မှစတင်၍ သီတဂူစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခု ၁၃၄၆ ကဆုန်လပြည့်နေ့မှာ စီမံကိန်းသည် လေးနှစ် သက်တမ်းသို့ ရောက်ပါပြီ။ လေးနှစ်ပြည့်မြောက် ခရီးရောက်ပါပြီ။ လေးနှစ်အတွင်းမှာ ပြည်သူတို့၏ သီတဂူ ရေအလှူမှာ ကျပ်သိန်း ၄၁ ကျော်ဖြစ်ပြီး ကျင်း သိန်း (၄၀) ကျော်ကို သီတဂူ ရေအလှူတော်အဖြစ်

အကောင်အထည်ဖော်ခဲ့ရာ -

(က) ရေစုပ် ရေတင်စက်ရုံ နှစ်ရုံ တည်ဆောက်ခြင်း၊

(ခ) ဂါလံ ခြောက်သောင်းမှ တစ်သိန်းဝင် ရေလှောင် ကန်လေးလုံး တည်ဆောင်ခြင်း။

(ဂ) ရေပိုက်လိုင်း ပေပေါင်း ငါးသောင်းကျော် သွယ်တန်းခြင်း။

(ဃ) သီတဂူရေအလှူတော် တည်တံ့ရေးအတွက် ငွေပေါင်း ဆယ်သိန်းကျော် စုဆောင်းစိုက်ပျိုးခြင်း လုပ်ငန်းများ လုပ်ကိုင် ပြီးစီးခဲ့ပါသည်။

စစ်ကိုင်းတောင်တန်းကြီး၏ တောင်ဘက် အစွန်ဆုံးမြို့သစ်ရပ်၊ လေးကျွန်းမြေရပ်များရှိ ရတနာ ဗိမာန်ကျောင်းတိုက်၊ လေးကျွန်းမြေ အုတ်ကျောင်း မှစ၍ မြောက်ဘက်အစွန်း ပိတောက်ချောင်၊ မဟာသစ်ဝင်ချောင်၊ သမ္မာသတိချောင်တို့အထိ သီတဂူပိုက် လိုင်းများ သွယ်တန်းနိုင်ခဲ့ပြီး ချောင်ပေါင်း သုံးရာခန့်မှာ သီတင်းသုံးကြသည့် သူတော်ကောင်းလေးထောင်ခန့် တို့အား သီတဂူရေများ ပေးလှူနေပါပြီ။

ဆန်းထွန်း















# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

## သီတဂူအစိဋ္ဌာန်

ငါတို့ဖြစ်ရ ဤလောကဝယ်
ဘဝသမိုင်း မရိုင်းစေရန်
စိတ်မန်မချ မာနမပါ
တို့စွမ်းရာဖြင့် တို့သာသနာ
တို့ပြည်ရွာကို သာယာစေမှု
လုံ့လပြုအံ့။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ . .



# သီတဂူအရှင်ဉာဏိဿရ (စစ်ကိုင်းတောင်ရိုး)က

ကောင်းမှုပြု၍

ဆရာကြီးဦးဆန်းထွန်း၏နှစ်တစ်ရာပြည့်

( ၁၂၇၆ တန်ခူးလပြည့်ကျော် (၈) ရက် - ၁၃၇၆ တန်ခူးလပြည့်ကျော် (၈)ရက်)

ဂုဏ်ပြုသောအားဖြင့် ဤစာစုကိုထုတ်ဝေပါသည်။